ကာလကပင် တရုတ်ယဉ်ကျေးမှု ဝင်ရောက်ခဲ့ရာ ထိုမှတဆင့် ဗီယက်နမ်
အလယ်ပိုင်း သို့ဝင်ရောက်ခဲ့သော်လည်း တရုတ်ယဉ်ကျေးမှုသည် လော နှင့်

ကမ္ဘောဒီးယားသို့ဝင်ရောက်ခြင်း မရှိခဲ့ပါ။ ဗီယက်နမ်တောင်ပိုင်းသည် အစပိုင်းတွင် တန္တရယာန နှင့် ဟိန္ဒူ ယဉ်ကျေးမှု ထွန်းကားခဲ့သော်လည်း နောက်ပိုင်းတွင် ကမ္ဘောဒီးယား နှင့်အတူ ထေရဝါဒယဉ်ကျေးမှုဒေသ ဖြစ်လာခဲ့ပါသည် ။ ထို့ကြောင့် ဗီယက်နမ်တောင်ပိုင်း သည် အရှေ့တောင်အာရှ ထေရဝါဒယဉ်ကျေးမှု နှင့် တရုတ်ယဉ်ကျေးမှုတို့ ထိတွေ့ရာဒေသ တစ်ခု ဖြစ်လာခဲ့ပါသည်။ မြန်မာနိုင်ငံကဲ့သို့ ထေရဝါဒ အမာခံနိုင်ငံမရှိသဖြင့် တရုတ် ယဉ်ကျေးမှုသည် ကိုရီးယား ထိုမှတဆင့် ဂျပန်နိုင်ငံ အထိ နက်ရှိုင်းစွာ ပြန့်နှံ့သွားပုံကို နှိုင်းယှဉ် ကြည့်နိုင်ပါသည်။

မြန်မာ ၊ ထိုင်းနိုင်ငံ ၏ တောင်ဘက်တွင်ရှိသော မလေးရှားနိုင်ငံသည် အရှေ့တောင်အာရှ ကျွန်းဆွယ်ဒေသ ဖြစ်ပြီး အစောပိုင်းတွင် အင်ဒိုနီးရှား ဘုရင်မှ အုပ်ချုပ်ကာ တန္တရယာန နှင့် ဟိန္ဒူ ယဉ်ကျေးမှု ထွန်းကားခဲ့သည်။ အင်ဒိုနီးရှား ရှိ ဗောရောဗုဓောကျောက်စေတီတော်ကြီး မှာ ထင်ရှားလှသော သာဓကဖြစ်ပါသည်။



၁၂ ရာစုတွင် အစ္စလာမ်ဘုရင်တပါးသည် ကေခ ဒေသတွင် နိုင်ငံငယ်တခု စတင်တည်ထောင်ပြီး ၁၅ ရာစုတွင် မလက္ကာ မင်းဆက် အဖြစ် အင်အားကြီးမားလာသော်လည်း မြန်မာနိုင်ငံကဲ့သို့ အရှေ့တောင်အာရှ ၏ ထေရဝါဒ ယဉ်ကျေးမှုကို ပြောင်းလဲနိုင်စွမ်းမရှိခဲ့ပါ ။ ဤ အစ္စလာမ်ယဉ်ကျေးမှု သည် အရှေ့တောင်အာရှ ကျွန်းဆွယ်ဒေသ တွင် အင်ဒိုနီးရှား ဘရူနိုင်း နိုင်ငံ အထိသာ ပြန့်နှံ့သွားခဲ့သည်။

မြန်မာနိုင်ငံ ၏ အနောက်ဘက်တွင်ရှိသော အိန္ဒိယနှင့် တိဗက်ဒေသတွင် ၁၁ - ၁၂ ရာစု၏ ဘာသာရေးမှာ တန္တရယာန နှင့် ဟိန္ဒူ ဘာသာ လွှမ်းမိုးခဲ့သည်။ ထိုအချိန်တွင် အိန္ဒိယမှာ နိုင်ငံငယ်များအဖြစ် ပြိုကွဲကာ အင်အားနည်းပါးခဲ့ပြီး အစ္စလာမ်ဘာသာဝင်များ ချင်းနင်း ဝင်ရောက်အုပ်စိုးခဲ့သည်။ ၁၆ ရာစု အိန္ဒိယတွင် အင်အားကြီးမားသော မဂိုလ် အစ္စလာမ်မင်းဆက် ခိုင်မြဲစွာ တည်ထောင် နိုင်ခဲ့သော်လည်း မြန်မာနိုင်ငံ၏ ထေရဝါဒ ဗုဒ္ဓဘာသာ ဓလေ့ထုံးစံ တို့ကို ဟိန္ဒူ ဘာသာ၊ အစ္စလာမ်ဘာသာတို့က မည်သို့မျှ ပြောင်းလဲနိုင်စွမ်း မရှိခဲ့ပါ။

မြန်မာ၊ ထိုင်းနိုင်ငံ ၏မြောက်ဘက်တွင်ရှိသော အရှေ့တောင်အာရှ လူမျိုးနွယ်များသည် တရုတ်နိုင်ငံမှ ဆင်းသက် လာကြပါသည်။ ၉ ရာစု တွင် ယူနန်ဒေသ နန်းကျောင်းမင်း၏ ရန်စစ်ကြောင့် မြန်မာနိုင်ငံ၏ ပျူမင်းဆက် ပျက်သုန်းခဲ့ရသည်။ ၁၁ - ၁၂ ရာစု ပုဂံခေတ်အချိန်သည်

တရုတ်ပြည်တွင် အင်းအားလျော့နည်းသော ဆုန့်မင်းဆက်ဖြစ်သည်။ ၁၃ ရာစု တရုတ် ယွမ်မင်းဆက် ကူဗလိုင်ခန်မင်း လက်ထက်တွင် ပုဂံမင်းဆက် ပျက်သုန်းခဲ့သည်။ သို့သော် မြန်မာနိုင်ငံသည် တရုတ်ပြည်ဗဟို နှင့် ဝေးကွာလွန်းခြင်း၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း ၊ ပုဂံခေတ်က အခြေခိုင်ခဲ့သော သံဃာအဖွဲ့အစည်း၏ ထိန်းသိမ်းစောင့်ရှောက်ခဲ့ခြင်း ကြောင့် ယူနန်ဒေသသို့ တရုတ်ယဉ်ကျေးမှု ဝင်ရောက်ခဲ့သော်လည်း မြန်မာနိုင်ငံ၏ ယဉ်ကျေးမှု သည် ထေရဝါဒ ဗုဒ္ဓဘာသာယဉ်ကျေးမှု သာဖြစ်ခဲ့သည်။ မြန်မာ၊ ထိုင်းနိုင်ငံ တို့၏ ထေရဝါဒယဉ်ကျေးမှုကို ယူနန်ပြည်နယ် ရှီးဆွမ်းပန္နား (စစ်ဆောင်ပန္နား) ဒေသ တွင် တည်ဆောက်နိုင်ခဲ့သည်။ ဒေသချင်းနီးကပ်သောကြောင့် တရုတ်ယဉ်ကျေးမှု နှင့် အဆက်အဆံရှိပုံကို ယနေ့ ရန်ကုန်ရှိ တရုတ်ဘုန်းကြီးကျောင်း တွင် တရုတ်ဘာသာဖြင့် ရေးသားထားသော မဟာယာန တိပိဋက ကျမ်းစာ အစိတ်အပိုင်း ကို အမှတ်တရ အနေဖြင့် တွေ့မြင်နိုင်ပါသည်။ ရွှေတိဂုံဘုရား သည်လည်း တရုတ် မဟာယာနဘုန်းကြီးများ အမြဲ လာရောက် ဖူးမျှော်လေ့ရှိသော ဘုရားတစ်ဆူ ဖြစ်ပါသည်။

သံဃာတော်များ၏ အသက်နှင့်လဲ၍သာသနာတော်ကို စောင့်ရှောက်မှု ၊ ဘုရင်နှင့် ပြည်သူများ၏ အားပေး ထောက်ပံ့မှု ဖြင့် ပုဂံခေတ်တွင် မူလရှိရင်းစွဲ အယူဝါဒများကို ပြောင်းလဲနိုင်ကာ ပိဋကတ်သုံးပုံကို ဗဟိုပြုသော

ထေရဝါဒယဉ်ကျေးမှုသည် နက်ရှိုင်းစွာ တစ်ပြည်လုံးသို့ အရှိန်အဟုန်ဖြင့် ပြန့်နှံ့ခဲ့သည်။ အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓဘာသာသည် ဤကဲ့သို့ပြန့်နှံ့ သွားခြင်း မရှိခဲ့ရာ မြန်မာနိုင်ငံသည် စံနမူနာဖြစ်ခဲ့ရသည် ။ ထိုမှ ဗုဒ္ဓဘာသာသည် ထိုင်း၊ ကမ္ဘောဒီးယား ၊ လာော ၊ ဗီယက်နမ်တောင်ပိုင်း နှင့် ယူနန်ပြည်နယ် စစ်ဆောင်ပဏ္ဏားဒေသများတွင် တည်တံ့ခိုင်မြဲသွားရန် ကြီးမားစွာ အထောက်အကူပြုခဲ့သည်။ လေးဘက်လေးတန်မှ အင်အားကြီးမားလှသော တရုတ်ယဉ်ကျေးမှု၊ ဟိန္ဒူ ယဉ်ကျေးမှု နှင့် အစ္စလာမ်ယဉ်ကျေးမှု နိုင်ငံကြီးများ ဝန်းရံနေသော်လည်း ဆရာ ဒကာ ညီညွတ်စွာဖြင့် သာသနာတော်ကို စောင့်ရှောက်ခဲ့ခြင်းကြောင့် ဤယဉ်ကျေးမှုများသည် အရှေ့တောင်အာရှ ထေရဝါဒ နိုင်ငံများအတွင်းသို့ဝင်ရောက်နိုင်ခြင်း မရှိပါ ။ ၂၀ ရာစု ခေတ်ဆန်းကာလ ရောက်မှသာ ယဉ်ကျေးမှုပုံစံ အသစ်ကို မြင်တွေ့ရပါသည်။

၁၉ ရာစု အနောက်တိုင်းသားများ မဝင်ရောက်ချိန်အထိ ထေရဝါဒယဉ်ကျေးမှု သည် သီရိလင်္ကာနှင့် အရှေ့တောင်အာရှတွင် စည်ပင်ထွန်းကားခဲ့သည်။ ကိုလိုနီ နယ်ချဲ့များ အရှေ့တိုင်းသို့ ဝင်ရောက်လာချိန်တွင် ထေရဝါဒနိုင်ငံများ အားလုံးနီးနီး နယ်ချဲ့ လက်အောက် သို့ကျရောက်ခဲ့ကြရာ ၎င်းတို့၏ ထိုးနက်ချက်မှာ အတော်ပင် နက်ရှိုင်းကျယ်ပြန့်ပါသည်။ ဗုဒ္ဓဘာသာသည် ယဉ်ကျေးမှုဓလေ့ထုံးစံ အဖြစ် ဖိနှိပ်ခံလူတန်းစားကို အားပေး၍ ပြည်သူလူထုကို ရဲဝံ့စွာ ဦးဆောင်မှုပေးခဲ့သည် ။ ထေရဝါဒ၏ အမာခံဖြစ်သော

သီရိလင်္ကာသည် ပထမဦးစွာ အင်္ဂလိပ် လက်အောက် ကျရောက်ခဲ့ပြီး ထို့နောက် မြန်မာနိုင်ငံသည် အင်္ဂလိပ်ကိုလိုနီ နိုင်ငံဖြစ်ခဲ့သည်။ ကမ္ဘောဒီးယား၊ လော၊ ဗီယက်နမ် တို့သည် ပြင်သစ်လက်အောက် ကျရောက်ခဲ့သည်။ အင်အားကြီးမားသော ကိုလိုနီနယ် နစ်ခုအကြားတွင် ထိုင်းနိုင်ငံသည် ဗုဒ္ဓဘာသာကိုထောက်ပံ့ရင်း၊ ထိုင်းဘုရင်စနစ် ကိုပြုပြင် ပြောင်းလဲရင်း နယ်ချဲ့တို့၏ စစ်မီးလျံကြားတွင် လွတ်လပ်သော နိုင်ငံအဖြစ် ရပ်တည်ရန် ကြိုးပမ်းခဲ့ရသည်။ ကိုလိုနီနိုင်ငံများ လွတ်လပ်ရေး ရရန်ကြိုးပမ်းသည့် အခါတွင်လည်း ဗုဒ္ဓဘာသာယဉ်ကျေးမှုဓလေ့ထုံးစံ တို့ကို အားကိုးအားထား ပြုခဲ့ရသည် ။ ဤသို့ဖြင့် ရဟန်းသံဃာထုနှင့် တိုင်းပြည်၏ကံကြမ္မာသည် ထူးခြားစွာ ဆက်နွယ်မှုရှိခဲ့သည်။ ဤကား ရှေးခေတ် ဗုဒ္ဓဘာသာနှင့် တိုင်းပြည်၏ဆက်နွယ်မှုဖြစ်ပြီး ယခုခေတ်တွင်မူ ပုံစံသစ်ဖြင့်မြင်တွေ့ရသည်။

မျက်မှောက်ခေတ်တွင် သီရိလင်္ကာနိုင်ငံသည် တမီလ်သူပုန်များကို နှိမ်နင်းရာတွင် သံဃာထု၏ ထောက်ခံမှုကို ရယူခဲ့ရသည်။ မြန်မာနိုင်ငံတွင် သံဃာထု တရပ်လုံးသည် ပြည်သူလူထု၏ အခွင့်အရေးများကို ကာကွယ် စောင့်ရှောက်ရင်း စစ်အစိုးရကို ဆန္ဒပြခဲ့ကြသည်။ ထိုင်းနိုင်ငံတွင်မူ ပြည်သူလူထု၏ ဆန္ဒပြမှုများ အဓိကရုဏ်းများ ပြင်းထန်ခဲ့သော်လည်း သံဃာတော်များသည် ငြိမ်းချမ်းစွာဖြင့် ပြည်သူလူထုကို စောင့်ရှောက်ခဲ့ကြ၍ လူထုကြား ဆန္ဒပြမှုတွင် မပါဝင်ခဲ့ပါ ။

ဗုဒ္ဓဘာသာ ရဟန်းသံဃာသည် မြန်မာ ၊ ထိုင်း ယဉ်ကျေးမှု ဓလေ့ထုံးစံ၏
အဆီအနှစ် ဖြစ်သော်လည်း နိုင်ငံတခုစီ၏ ကံကြမ္မာ မတူညီသောကြောင့်
မြန်မာနိုင်ငံတွင် ရွှေဝါရောင်တော်လှန်ရေး ပေါ်ပေါက်ခဲ့ရကာ ထိုင်းနိုင်ငံ
တွင်ပေါ်ပေါက်ခဲ့သော အနီရောင် အဝါရောင်တပ်များ၏ အဓိကရုဏ်းတွင်
သံဃာတော်များ မပါဝင်ခဲ့ကြဘဲ ငြိမ်းချမ်းစွာ နေခဲ့ကြပုံနှင့်
နှိုင်းယှဉ်ကြည့်နိုင်ပါသည်။
ယခု ကျွန်ုပ်တို့ မြန်မာပြည် ဘုရားဖူးခရီးထွက် လာကြခြင်းဖြစ်ပြီး ရတနာသုံးပါး
၏ တိုင်းပြည်နှင့်လူမျိုးအပေါ် အကျိုးကျေးဇူးရှိပုံ နှင့် အခြေခိုင်မာလှသော
သံဃာအစဉ်အလာများ ကို အထင်ကြီးလေးစားလျက်ရှိပါသည်။ သို့သော်
မြန်မာဗုဒ္ဓဘာသာ သည် ချွတ်ယွင်းချက်များ၊ အခက်အခဲများ မရှိသည်
မဟုတ်ပါ။ ဥပမာ ၊ မြန်မာဗုဒ္ဓဘာသာသည် ရှေးယခင်က ကိုလိုနီနယ်ချဲ့များ၏
ထိုးနက်မှု၊ လွတ်လပ်ရေးရပြီး ယခုခေတ် စစ်အစိုးရ၏ အန္တရာယ်ပေးမှုများ
ကိုခံခဲ့ရသည် ။ မျက်မှောက်ခေတ်တွင်လည်း globalization နှင့်အတူ
တစ်ကမ္ဘာလုံး ရှိ မတူညီသော ဘာသာပေါင်းစုံတို့ ကူးလူးဆက်ဆံမှု က
ခေတ်သစ် မြန်မာဗုဒ္ဓဘာသာ ရင်ဆိုင်ရသော အရေးကိစ္စဖြစ်ပါသည်။
ဤအရေးကိစ္စသည် မျက်မှောက်ခေတ် ထိုင်ဝမ်တွင် ဗုဒ္ဓဘာသာ ထွန်းကားရေး
ဆောင်ရွက်ရာတွင်လည်းကြုံတွေ့ရကာ ဤအတွေ့အကြုံကို မြန်မာနိုင်ငံမှ
လေ့လာသင့်ပါသည် ။ ထိုင်ဝမ်တွင် ဗုဒ္ဓဘာသာ ထွန်းကားရေးကို
ဆောင်ရွက်ရာတွင် လူမှုအဖွဲ့အစည်း၏ ပြင်ပရောက်နေသော ဗုဒ္ဓဘာသာကို

လူမှုအဖွဲ့အစည်း၏ အဓိကဘာသာတစ်ခုအဖြစ် မျက်မှောက်ခေတ်တွင် ပြန်လည်ရှင်သန်လာစေပါမည်။ ထိုင်ဝမ်သည် ကမ္ဘာပေါ်မှ မတူညီသော ဗုဒ္ဓဘာသာ ဓလေ့ထုံးစံများ စုံစည်းရာဒေသ ဖြစ်ရုံမက ကမ္ဘာပေါ်မှ အခြားဘာသာ ယဉ်ကျေးမှုများ အတူတကွ ကူးလူးဆက်ဆံရာ ဒေသတစ်ခု ဖြစ်လာစေပါမည်။

မျက်မှောက်ခေတ် အထိ မြန်မာဗုဒ္ဓဘာသာသည် အခက်အခဲများကို တွေ့ကြုံခဲ့ရကာ ပြည်သူလူထုသည် သံဃာတော်များ အပေါ်မျှော်လင့်ချက်ကြီးမားခဲ့သည်။ ရှေးအခါက ရဟန်းသံဃာများ တည်ထောင်ခဲ့သော သန့်ရှင်းစင်ကြယ်သော သာသနာတော်နှင့်ယဉ်ကျေးမှု ၊ ရတနာသုံးပါးကို ဆရာဒကာညီညွတ်စွာဖြင့် စောင့်ရှောက်ခဲ့ကြပုံ ၊ အရှေ့တိုင်းမှ အခြားယဉ်ကျေးမှုများ (တရုတ် ၊ ဟိန္ဒူ ၊ အစ္စလာမ်) ဝင်ရောက်မှုကို ကြံ့ကြံ့ခံခဲ့ ပုံတို့ကို ပြန်ပြောင်းသတိရမိကြပါသည်။

ယနေ့ခေတ်တွင် အနောက်တိုင်း ယဉ်ကျေးမှု ကို အထင်ကြီး တန်ဖိုးထားသော ကမ္ဘာ့ယဉ်ကျေးမှု အသစ်နှင့် ရင်ဆိုင်ကြရသည်။ မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာကို စိတ် အေးချမ်းစွာဖြင့် ကိုးကွယ်နိုင်ရုံမက တကမ္ဘာလုံးကို သာသနာ ပြန့်ပွားရန် သံဃာတော်များ အပေါ် လူထုကမျှော်လင့်ကြသည်။ မြန်မာနိုင်ငံတွင် ရဟန်းသံဃာများ ဦးဆောင်သော ဗုဒ္ဓဘာသာ ယဉ်ကျေးမှု အပြင်

ခက်ခဲနက်နဲသော ပါဠိ ပိဋကတ် သုံးပုံကို လေ့လာသင်ယူသောစနစ် နှင့် သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ် အကျင့်မြတ်ကို ကျင့်ကြံအားထုတ်ခြင်း တို့လည်းရှိနေပါသေးသည်။

၃.၂။ ပါဠိ ပိဋကတ် သုံးပုံကို လေ့လာသင်ယူခြင်း

ပါဠိ ပိဋကတ် သုံးပုံကို လေ့လာသင်ယူခြင်း နှင့် အာဂုံဆောင်ခြင်းသည် မြန်မာရဟန်းများအတွက် အခြေခံကျ၍ အရေးကြီးသော လုပ်ငန်းစဉ် တခုဖြစ်ပြီး ကမ္ဘာမှာ ထင်ရှားကျော်ကြားလှပါသည်။ ထေရဝါဒတို့၏ မိခင်နိုင်ငံ ဟုခေါ်ဆိုသော သီရိလင်္ကာနိုင်ငံ တွင် သီရိလင်္ကာဘာသာစကားသည် ပါဠိဘာသာ နှင့် နီးစပ်သော်လည်း သီရိလင်္ကာမှ ရဟန်းသံဃာများသည် မြန်မာနိုင်ငံ၏ ပါဠိ ပိဋကတ်သင်ကြားရေး စနစ်ကို အလွန် အထင်ကြီး လေးစားကြပါသည်။ မြန်မာနိုင်ငံတွင် ကိုရင် ရဟန်းများသည် ဆရာတော်ကြီးများထံတွင် တပည့်အဖြစ်ခံယူကာ တရားစာပေများ ကိုသင်ယူကြရပါသည်။ သူတော်ကောင်းများကိုချဉ်းကပ်ခြင်း ၊ တရားဓမ္မ ကိုနာယူခြင်း ၊ ရွတ်ဆိုခြင်း ၊ အာဂုံဆောင်ခြင်း ၊ နားလည်အောင် သုံးသပ် ဆင်ခြင်ခြင်း တို့သည်ကား မြတ်ဗုဒ္ဓ၏ အလိုတော်ကျ အတိုင်းဖြစ်ပါသည် ။ ယခုခေတ် တရုတ်ဗုဒ္ဓဘာသာ ဆရာတော် တဦးဖြစ်သူ ယင့်ဆွန့်ဆရာတော် (印順法師) ကလည်း ဤကဲ့သို့ပင် ညွှန်ကြားပါသည်။

ယင့်ဆွန့်ဆရာတော်က ကိုယ်တိုင် တရားဟောသည့်အပြင် အားလုံးကို အောက်ပါ အတိုင်း တိုက်တွန်း ပါသည်။

"တရားစာအုပ် ဖတ်သည့်အခါ မှတ်စုထုတ်ပါ ။ မှတ်စုကို အခြားသူများ နှင့်မျှဝေပါ ။ တရားဟောပြောခြင်း ၊ သင်ကြားခြင်း တို့ပြုလုပ်ပါ ။ စာအုပ် အဖြစ် ရေးနိုင်ပါက ပိုကောင်းပါသည်။□

ပိဋကတ်သုံးပုံကို ကျွမ်းကျင်ပိုင်နိုင်ပြီးနောက် အာဂုံဆောင်နိုင်သော "တိပိဋကဓရ" များသည် မြန်မာနိုင်ငံတွင် ယခုထက်တိုင် အသက်ဝင်လျက်ရှိသော အစဉ်အလာတစ်ခုဖြစ်ပါသည် ။ ဝိနယဓရ များမှာမူ မြန်မာနိုင်ငံတွင် အမြောက်အမြားရှိပါသည် ။ ပိဋကတ်သုံးပုံကို အနက်အဓိပ္ပါယ် ဖော်သည့် အပိုင်းတွင် ခေတ်အဆက်ဆက်က နာမည်ကြီး ဆရာတော်များ ပေါ်ထွန်းခဲ့ရာ ယခုခေတ်တွင် ဘာသာဋီကာကျမ်းပေါင်းများစွာ ကို ရေးသားပြုစုခဲ့သော "မဟာဂန္ဓာရုံဆရာတော်ကြီး" မှာ အထင်ရှားဆုံးဖြစ်၍ "၂၀ ရာစု ရှင်မဟာဗုဒ္ဓဃောသ" ဟု ခေါ်ဆိုခြင်းခံရပါသည်။



မြန်မာလူမျိုးများ တရားဓမ္မကို ကျက်မှတ် အာဂုံဆောင်မှ ထိန်းသိမ်းမှ သည် စနစ်တကျရှိရုံမက အသေးစိတ် အဆုံးတိုင်အောင် ဆောင်ရွက်နိုင်ပါသည် ။ ပါဠိ ပိဋကတ်သုံးပုံ ကို လေ့လာ သုတေသန ပြုမှ စနစ်သည် မြန်မာနိုင်ငံတွင် ခိုင်မြဲလှပြီး ယခုထက်တိုင် အသက်ဝင်လျက်ရှိပါသည် ။ မြန်မာနိုင်ငံရှိ စာချဆရာတော် များသည် ပိဋကတ်သုံးပုံ ကို ကျက်မှတ်နိုင်ရုံသာမက အဓိပ္ပာယ်ဖွင့်ဆိုသော အဋ္ဌကထာ ၊ ဋီကာကျမ်းများ ကိုလည်း ကောင်းစွာနားလည် သဘောပေါက်ကြပါသည်။ ထို့ကြောင့် ပိဋကတ်သုံးပုံ သင်ကြားရေး စနစ်သည် ကျွမ်းကျင်ခိုင်မာလှပါသည်။ ဥပမာ ၊ ဝိနည်းကို စိတ်ဝင်စားသူသည် အဆင့် ၅ ဆင့်ရှိသော ကျမ်းစာများကို လေ့လာရုံဖြင့် တတ်မြောက်နိုင်ပြီး အာဂုံဆောင်နိုင်ပါက ပို၍ကျွမ်းကျင်လာပါသည် ။

ပိဋကတ် သုံးပုံလုံး ကို တတ်မြောက်လိုပါက မဟာဂန္ဓာရုံ ဆရာတော်ကြီး ၏ကျမ်းစာများ ကို လေ့လာရုံဖြင့် အောင်မြင်နိုင်ပါသည် ။ ကျွန်ုပ်တို့၏ ပိဋကတ် သုံးပုံ အပေါ် နားလည်သဘောပေါက်မှု၊ လေ့လာသုံးသပ်မှု၊ အဓိပ္ပာယ်ရှင်းလင်းမှု၊ ကျက်မှတ် အာဂုံဆောင်မှု အပိုင်းတွင် အတော်ပင် အားနည်းလျက်ရှိရာ သင်ကြားရေးစနစ် ကိုကား ပြောရန်မလိုတော့ပေ။



ဤကဲ့သို့ အင်အားကောင်းလှသော ပိဋကတ်သုံးပုံ သင်ကြားရေး စနစ်သည် မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာတည်မြဲရန် အတွက် အခြေခံအကြောင်းရင်း တစ်ခုဖြစ်ပါသည် ။ တခါက TTBC တွင် ဥပုသ်ပြုပြီး မြန်မာဆရာတော် ဦးစိတ္တရ (မဟာဂန္ဓာရုံဆရာတော်ကြီး ၏ တပည့်ဖြစ်သူ မဟာဂန္ဓာရုံစာသင်တိုက် စာချဆရာတော်) ထံသို့သွားရောက်ဖူးမျှော်ရာတွင် ဆရာတော်က "ပိဋကတ်သုံးပုံ သင်ကြားရေး၏ အရေးပါပုံ နှင့် ထိုင်ဝမ်တွင် ဗုဒ္ဓဘာသာအခြေကျရန် အတွက် မရှိမဖြစ် လိုအပ်ပုံ" တို့ကို အကိုးအကားနှင့် တကွ တရားဟောရာတွင် ထည့်သွင်း ပြောကြား ပါသည်။



ပါဠိ ပိဋကတ်သုံးပုံ အရိပ်အောက် တွင် ရှင်သန်ကြီးပြင်းခဲ့သော မြန်မာ ဗုဒ္ဓဘာသာသည် တည်တံ့ခိုင်မြဲခဲ့ပြီး ယဉ်ကျေးမှု လူနေမှုတို့သည် ပိဋကတ်သုံးပုံ အောက်တွင် အကြုံးဝင်ခဲ့သည်။ ဤကား မြန်မာလူမျိုးတို့ အောက်မေ့သတိရဖွယ်ဖြစ်ပြီး ကျွန်ုပ်တို့ ထိုင်ဝမ်လူမျိုးများ အတုယူရမည့်အချက်ဖြစ်ပါသည်။ ယခင်ခေတ် ကပင် ဘာသာခြား အယူအဆ ထိုးဖောက်ဝင်ရောက်မှုများ ရှိသော်လည်း စာတန်းတင်ပြမှုအနေဖြင့်

နည်းပါးခဲ့သည် ။ ယခုခေတ် ကိုလိုနီ နယ်ချဲ့များ၏ ကျူးကျော်ခဲ့မှု ကို ကြုံတွေ့ရရုံသာမက ၎င်းတို့နှင့်အတူ ဘာသာ ၊ ယဉ်ကျေးမှုများ ဝင်ရောက်လာမှုက မျက်မှောက်ခေတ် ကမ္ဘာ့ဘာသာ ယဉ်ကျေးမှုတို့ ကူးလူးဆက်ဆံရာ အရေးကိစ္စများပင်ဖြစ်သည်။ မြန်မာနိုင်ငံ အနေဖြင့် အခြားဘာသာများနှင့် ရင်ဆိုင်ရသည့် အတွေ့အကြုံမှာ မလုံလောက်သေးပါ။ နိုင်းယှဉ်၍ကြည့်ရမည် ဆိုပါက ၊ ဗုဒ္ဓဘာသာသည် တရုတ်ပြည် သို့ရောက်သောအခါ ရိုးရာ အယူအဆများနှင့် ပဋိပက္ခဖြစ်ရသည့် အပြင် ဘုရင်အလိုတော်ကျ ပြုပြင်ပြောင်းလဲရကား ဤသို့ အခြားဘာသာများနှင့် ရင်ဆိုင်ရသည့် အတွေ့အကြုံမှာ ပိုမိုများပြားပြီး မန်ချူးမင်းဆက် ကုန်ခါနီးတွင် ဘာသာသုံးခုပေါင်းဆုံသော တရုတ်ဗုဒ္ဓဘာသာ (3 in 1) ဖြစ်ခဲ့ရသည်။ အိန္ဒိယ မှာကဲ့သို့ ဗုဒ္ဓဘာသာ ကွယ်ပျောက်သွားခြင်း မဟုတ်ပါ။ ထိုင်ဝမ်တွင် ထိုက်ရှွီးဆရာတော် (太虛法師) နှင့် ယင့်ဆွန့်ဆရာတော်(印順法師) တို့ တည်ထောင်ခဲ့သော ဗုဒ္ဓဘာသာသည် အယူအဆများပြောင်းလဲရေး အတွက် ယခုခေတ် ဗုဒ္ဓဘာသာထွန်းကားရေး အတွက် ဦးဆောင်လျက်ရှိပါသည်။

ထို့အပြင် ခေတ်သစ် ဗုဒ္ဓဘာသာ အတွေးအခေါ်သစ်များ စည်ပင်ထွန်းကားရေး နှင့် ထိုင်ဝမ် လူနေမှုနယ်ပယ်တွင် လက်ခံကျင့်သုံးရေး ကိုလည်း အထောက်အကူပြုပါသည်။ မြတ်စွာဘုရားလက်ထက်တော်က ဗြာဟ္မဏဘာသာ နှင့် နတ်ကိုးကွယ်မှုကို ရင်ဆိုင်၍ သာသနာတော်ကို တည်ထောင်ခဲ့ရသလို

တရုတ်ဗုဒ္ဓဘာသာဝင်များ သည်လည်း အခြေအနေအမျိုးမျိုး အယူဝါဒအမျိုးမျိုး ကြားတွင် ကြုံကြိုက်ခံခဲ့ရသည့် အတွေ့အကြုံများ ရှိခဲ့ရကား ဤအတွေ့အကြုံများ ကို မြန်မာနိုင်ငံသို့ တင်ပြနိုင်ပါက အလွန်အကျိုးများပါမည်။

၃.၃။ သီလ သမာဓိ ပညာ တည်းဟူသော သိက္ခာ သုံးရပ် အကျင့်မြတ်ကို ကျင့်ကြံအားထုတ်ခြင်း



ထို့အပြင် မြန်မာတို့သည် သီလ သမာဓိ ပညာ အကျင့်များကို ကျင့်ကြံရာတွင်လည်း အလွန်ခိုင်မြဲကာ မျက်မှောက်ခေတ်တွင် တစ်ကမ္ဘာလုံးသို့ ပြန့်နှံ့သွားပါသည်။ တရားအားထုတ်ခြင်း (meditation) အကြောင်းပြောရလျှင် မြန်မာနိုင်ငံ ကိုချန်ထား၍ မရနိုင်ပေ။ ဥပမာ ဆိုရလျှင် ကျွန်မတို့ သွားမည့် ဖားအောက်တောရတွင် ပုံမှန်အချိန်၌ တရားအားထုတ်သူ တစ်ထောင်ခန့်ရှိပြီး ရဟန်းသံဃာမှာ တဝက်ကျော်ရှိပါသည်။ နိုင်ငံပေါင်း ၂၀ ကျော်မှ ယောဂီများ နှစ်ရာခန့် ရှိပါသည် ။ ဤကဲ့သို့သော တရားစခန်းမျိုး ကမ္ဘာပေါ်တွင် မည်သည့် နေရာမှ တွေ့ရှိရန် မလွယ်ကူပါ ။

မြန်မာနိုင်ငံတွင် ယခင်တည်းက တရားထိုင်နည်းနှင့် ပက်သက်၍ စနစ်တကျ
သင်ကြား ပြသပေးနိုင်သော ကမ္မဋ္ဌာနာစရိယ ဆရာတော်များမှာ မရှားလှပေ။
ယခုခေတ်တွင်မူ ဖားအောက်တောရဆရာတော်၏ တရားထိုင်နည်း သည်
စနစ်တကျရှိရုံမက ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းထားပါသည်။
ဖားအောက်တောရဆရာတော် နှစ်အနည်းငယ် အတွင်း ရေးသားပြုစုသော
" **နိဗ္ဗာနဂါမိနိ ပဋိပဒါ** " စာအုပ်မှာ ၅ အုပ်တွဲဖြစ်ပြီး စာမျက်နှာ ၄၀၀၀ ခန့်
ရှိပါသည် ။ ဤစာအုပ်များကို အခြေခံ၍ တရုတ်ဘာသာဖြင့် ပြုစုထားသော
"智慧之光" စာအုပ်သည် တရားထိုင်နည်း လက်စွဲ ဖြစ်ပြီး ဤ စာအုပ်အတိုင်း
တရားကျင့်နိုင် ပြီဆိုလျင် အောင်မြင်ပါပြီ ။ " နိဗ္ဗာနဂါမိနိ ပဋိပဒါ "ကျမ်း အတိုင်း
ကျင့်ကြံပြီး တခြားသူများကိုပါ သင်ကြားပြသပေးနိုင်ပါက
အတိုင်းထက်အလွန်ပေ။

ပရိယတ္တိ နှင့် ပဋိပတ္တိ (ပိဋကတ်စာပေသင်ကြားခြင်း နှင့်
ပိဋကတ်နှင့်အညီကျင့်ခြင်း) အပြန်အလှန် အကျိုးပြုပုံ ကို ကျွန်ုပ်တို့
ကြားဖူးကြသော်လည်း လက်တွေ့ကျင့်သုံးရန် လိုအပ်ပါသေးသည်။
မြန်မာနိုင်ငံ၏ တရားထိုင်နည်း စနစ်ကို ပါဠိ ၊ အဋ္ဌကထာ ၊ ဋီကာကျမ်းတို့က
မည်သို့မည်ပုံ ရှင်းလင်းလမ်းညွှန် ပါသနည်း ။
ကျွန်ုပ်တို့နှင့် ရင်းနှီး အကျွမ်းတဝင် ဖြစ်ပြီးသော ဖားအောက်နည်းစနစ် ကို
နမူနာအနေဖြင့် လေ့လာကြည့်ကြပါစို့ ။ ဖားအောက်တောရ ဆရာတော် ၏

"正念之道" စာအုပ်သည် ဒီဃနိကာယ တွင်ပါသော မဟာသတိပဋ္ဌာနသုတ် ကိုရှင်းပြထားပြီး ထို စာအုပ်တွင် အာနာပါန နည်းဖြင့် သမာဓိထူထောင်ပုံ ဝိပဿနာရှုပုံ နှင့် သံသရာမှ လွတ်မြောက်ပုံ အဆင့်ဆင့် ကို ရှင်းလင်းတင်ပြ ထားပါသည် ။ ဤကျမ်းတွင် လမ်းစဉ် အကျဉ်းချုပ် ကို အရင်တင်ပြ ပြီး မှ အာနာပါနဖြင့် သမာဓိ ထူထောင်ပုံ ကို အကျယ်တဝင့် ရေးသားထားပါသည် ။ ဆရာတော်၏ "顯正法藏" စာအုပ်တွင် စတုတ္ထဈာန် အထိ ကျင့်ကြံရမည့် နည်းများကို အကျယ်တဝင့် ရေးသားထားကာ ဝိသုဒ္ဓိမဂ် ကျမ်းစာအတိုင်း ရှင်းပြထားခြင်း ဖြစ်ပါသည် ။

သမာဓိကိုအခြခံပြီး ဝိပဿနာရှုရာတွင် အဓိက အချက်ကို ကျမ်းစာတွင် အောက်ပါ အတိုင်း အကျဉ်းချုပ် ရေးသားထားပါသည်။

" ဤသို့ မိမိ၏ ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍ နေ၏ ၊ သူတပါး၏ ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍ နေ၏ ၊ မိမိ သူတပါး၏ ရုပ်အပေါင်း၌မူလည်း ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍ နေ၏ "
[ဣတိ အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ ၊ ဗဟိဒ္ဓါ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ ၊ အဇ္ဈတ္တဗဟိဒ္ဓါ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ]

အာနာပါနစျာန်လမ်းမှ ဝိပဿနာသို့ ကူးရာ၌ အဿာသ ပဿာသ
ကမ္မိကပုဂ္ဂိုလ် နှင့် ဈာနကမ္မိကပုဂ္ဂိုလ် ဟူ၍ လမ်းနှစ်သွယ်ရှိပါသည် (ဒီ၊ဋ္ဌ D Am
II p.355)။ ဒီဃ နိကာယ ဋီကာကျမ်းတွင် အဿာသ ပဿာသ
ကမ္မိကပုဂ္ဂိုလ် သည် ရူပမုခေန နည်းဖြင့် လည်းကောင်း ဈာနကမ္မိကပုဂ္ဂိုလ်
သည် အရူပမုခေန နည်းဖြင့် လည်းကောင်း ဝိပဿနာကို ရှုပါသည် (ဒီ၊ဋီ D
Tm II p.300)။ အမှန်အတိုင်းဆိုရလျှင် ပိဋကတ်သုံးပုံ ကျွမ်းကျင်သူပင် ဤ
ဒီဃနိကာယ အဋ္ဌကထာ၊ ဋီကာကျမ်းကို လေ့လာရုံဖြင့် စတင်
တရားကျင့်ကြံရန် ခက်ခဲပါသည်။ ဤ အဋ္ဌကထာ၊ ဋီကာကျမ်းများ ကို
မည်သို့မည်ပုံ အဓိပ္ပာယ်ဖေါ်၊ အနစ်ချုပ်၍ တရားကျင့်ကြံပုံ အဆင့်ဆင့် ကို
တစုတစည်းတည်း ဖေါ်ပြရမည်နည်း ။
ဖားအောက်တောရ ဆရာတော် ၏ "正念之道" စာအုပ်တွင် ဤ အဿာသ
ပဿာသ ကမ္မိကပုဂ္ဂိုလ် နှင့် ဈာနကမ္မိကပုဂ္ဂိုလ် တို့၏ နည်းလမ်း
နှစ်သွယ်တို့တွင် သမထကို အခြေခံ၍ ဝိပဿနာ ကျင့်စဉ်ဖြင့် သံသရာမှ
လွတ်မြောက်ရေး လမ်းကြောင်းကို ရှင်းပြထားသည် ။
(p. 102-105 , 105-106).

အာနာပါန ကိုအခြေခံ၍ သမာဓိ ဝိပဿနာဘာဝနာ ပွားများ အားထုတ်
၍သံသရာမှ လွတ်မြောက်ကြောင်းကို ကျမ်းစာ ထဲတွင်နောက်တနည်း
ရှိပါသေးသည် ။ (၁၆) မျိုးသော အခြင်းအရာတို့ဖြင့် အာနာပါနဿတိ

သမာဓိဘာဝနာကို ပွားများအားထုတ်နည်း ဖြစ်သည် (မဇ္ဈိမနိကာယ၊၁၁၈၊ အာနာပါနသတိသုတ်)။ ဤသုတ်တွင် ဤ ၁၆ မျိုးကို အကျဉ်းချုပ်သာ ဖေါ်ပြထားပြီး ဝိသုဒ္ဓိမဂ် တွင် ဤနည်း နှစ်သွယ် (မဟာသတိပဋ္ဌာနသုတ် နှင့် အာနာပါနသတိသုတ်) ကိုရှင်းပြထားသော်လည်း လက်တွေ့ကျင့်နိုင်ရန် ခဲယဉ်းလျက်ပင် ရှိပေသေးသည်။ ဖားအောက် ဆရာတော်ကြီးသည် ဤ ထူးခြား နက်နဲသော ကျင့်စဉ်များကို လက်တွေ့ကျင့်နိုင်ရန် " 禪修入門與次第" စာအုပ် ၏ အခန်း ၇ နှင့် အခန်း ၈ တွင်ရှင်းလင်း ထားပါသည်။ အာနာပါန သမာဓိဘာဝနာ သည် ဝိပဿနာရှုရာ အဓိကလမ်းကြောင်း ဖြစ်ကြောင်း နှင့် သီလ သမာဓိ ပညာ သိက္ခာ သုံးရပ် အကျင့်မြတ် အဆင့်ဆင့်ကျင့်ကြံပုံ ကို ဆရာတော်ကြီး၏ စာအုပ်များကို အနှစ်ချုပ်၍ ဤစာအုပ်တွင် ရေးသားထားပါသည်။ တရားကျင့်ရန် စိတ်ဝင်စားသူ တို့ ဤစာအုပ်ကို အရင်လေ့လာနိုင်ပါသည် ။ "ပညာအလင်းရောင်စာအုပ်" (智慧之光) အစရှိသော ကျမ်းစာများမှာ တရားကျင့်စဉ်များကို နက်ရှိုင်းကျယ်ပြန့်စွာ စနစ်တကျ အဆင့်ဆင့် ရှင်းပြထားရာ ဝါရင့် တရား အားထုတ်သူများ နှင့် သင့်လျော်သော်လည်း တရား အားထုတ်ကာစ သူများမှာ အလွယ်တကူ သဘောပေါက်မည် မဟုတ်ပါ။

ယနေ့ ထိုင်ဝမ်တွင် ဗုဒ္ဓဘာသာ ထွန်းကားပုံ ကို တရုတ်ပြည် "ဆွေခေတ် ထန်ခေတ်" ကဲ့သို့ပင်ဖြစ်ကြောင်း ၊ အချို့ကမူ ထိုခေတ်များထက်ပင်

သာလွန်ကြောင်း ပြောကြပါသည်။ ထိုင်ဝမ်တွင် သာသနာ စည်ပင်ပြန့်ပွားရေး ၊ ဗုဒ္ဓဘာသာ အနှစ်သာရ အပြည့်အဝ တည်ရှိရေး ၊ တရားဓမ္မ ပညာအလင်းရောင် ဆက်လက် တည်ရှိ နေရေးအတွက် တရားထိုင်နည်း အဆင့်ဆင့် နှင့် ပရိယတ္တိ ပဋိပတ္တိ စနစ်တကျ ထွန်းကားရေး တို့မှာ ကျွန်ုပ်တို့ အမှန်တကယ် လေ့လာ ဆောင်ရွက်ရမည့် လုပ်ငန်းများ ဖြစ်သည်။ ဗောဓိဉာဏ်ရရှိရေး လမ်းကြောင်းကို ချောမွေ့စွာ လျှောက်လှမ်းရာတွင် မြတ်ဗုဒ္ဓ၏မူလ သဘောထားဖြစ်သော ကိလေသာဝေးကွာ သံသရာမှ လွတ်မြောက်ရေးကို ထိုင်ဝမ်တွင် ဆောင်ရွက်ကြပါမည် ။ ထို့ကြောင့် ကာမဂုဏ် ချမ်းသာမှု တို့ပြည့်စုံလျက်ရှိသော ယခုခေတ်တွင် ထိုင်ဝမ် ဗုဒ္ဓဘာသာသည် အတွင်း၌ ဗုဒ္ဓ၊ ဓမ္မ၊ သစ္စာ အနှစ်သာရ တို့တည်ရှိစေပြီး အပြင်ဘက်ကကြည့်လျှင် ခမ်းနားထည်ဝါမှု ကိုမြင်တွေ့စေရပါမည်။

အချုပ်အားဖြင့်ဆိုသော် မြန်မာနိုင်ငံတွင် သာသနာထွန်းကားပုံ ကို ကိုယ်တိုင်ကိုယ်ကျ တွေ့မြင်ပြီးနောက်

(၁) ရတနာသုံးပါးကို လက်ဆင့်ကမ်းထိန်းသိမ်းခြင်း၊

(၂) ပိဋကတ်သုံးပုံကို သင်ယူခြင်း ၊

(၃) သိက္ခာသုံးရပ် အကျင့်မြတ်ကို ကြိုးစားအားထုတ်ခြင်း

ဟူသောအချက်များက မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာကို ခိုင်မာစေကြောင်း နက်ရှိုင်းစွာ တွေ့မြင်နိုင်ပါသည်။ ရွှေတိဂုံဘုရား၏ "ပညာ အလင်းရောင်"

ပိုမိုထင်ရှားကာ မြတ်ဗုဒ္ဓ၏ သားတပည့် များဦးဆောင်ခဲ့သော ဗောဓိဉာဏ်ရရှိရေးလမ်းကြောင်းသည် စစ်မှန်သောသာသနာကို အစွန့်ရှည်စေပါသည်။
ဤကား မြတ်ဗုဒ္ဓ ဟောကြားခဲ့သော သောတာပန် ဖြစ်ကြောင်း အင်္ဂါလေးချက်ပင် ဖြစ်ပါသည်။

(၁)သူတော်ကောင်းနှင့်ပေါင်းသင်းခြင်း ၊
(၂) မှန်ကန်သော တရားကိုနာယူခြင်း ၊
(၃) သင့်တင့်လျောက်ပတ်စွာ ဆင်ခြင်နှလုံးသွင်းခြင်း နှင့်
(၄) ဖွဲသန်သန်ဖြင့် တရားအားထုတ်ခြင်း တို့ဖြစ်သည်။

(၄) မျက်မှောက်ခေတ် ကျွန်ုပ်တို့ ဆောင်ရွက်ရမည့်အရေးကိစ္စများ နှင့် လုပ်ဆောင်ရန်လမ်းစဉ်များ

ဆရာတော်က မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာ အခြေခိုင်ပုံ သာသနာပြန့်ပွားပုံ တို့ကို ထိုင်ဝမ်နှင့် အပြန်အလှန် နိုင်းယှဉ် သုံးသပ်၍ မြန်မာနိုင်ငံကို အတုယူကာ ထိုင်ဝမ်တွင်မည်သို့မည်ပုံ ဆောင်ရွက်ရမည်ကို ရှင်းလင်းဟောပြောပါသည်။
စိတ်ထဲမှ လေးလေးနက်နက် ခံစားရပါသည် ။ ထို့နောက် ဆရာတော်က

ထိုင်ဝမ် ဗုဒ္ဓဘာသာ လမ်းစကိုပြောရင်း ကျွန်ုပ်တို့ အား ဘာသာရေး ဆောင်ရွက်ရမည့် လမ်းစဉ်ပေါ်သို့ ဦးဆောင်သွားပါသည် ။

စစ်မှန်သောမြတ်ဗုဒ္ဓ၏ အဆုံးအမ (ထေရဝါဒ) ထိုင်ဝမ် သို့ ရောက်လာခဲ့သည်မှာ အနှစ် ၂၀ ရှိပါပြီ ။ ယခု ကျွန်ုပ်တို့နှင့် အတူလာသော ချင်းတင့်ဆရာတော် (慶定長老) မှာ ပထမမျိုးဆက် တစ်ဦးဖြစ်ပါသည်။ ချင်းတင့်ဆရာတော် က ထိုင်ဝမ်တွင် ထေရဝါဒ ထွန်းကားရေး ၊ အခြေတည်ရေး ၊ လူအများကိုးကွယ်ရေး ကိုအထူး အလေးထားခဲ့ရကာ လွန်ခဲ့သော ၁၀ နှစ်ကျော်ကပင် "မူလဗုဒ္ဓသာသနာကောလိပ်" ကို တည်ထောင်ခဲ့သည် ။ လမ်းတလျှောက် ကားပေါ်တွင် ဆရာတော်နှင့် အကြိမ်ကြိမ် ဆွေးနွေးခဲ့ကြရာ ဆရာတော်၏ ရှင်းပြချက်ကို သဘောပေါက် နားလည်ကာ ဤအကြောင်းအရာများသည် မျက်မှောက်ခေတ် ကျွန်ုပ်တို့ဆောင်ရွက်ရမည့်အရေးကိစ္စများ ပင်ဖြစ်သည်။

၄.၁။ ထိုင်ဝမ် ဗုဒ္ဓဘာသာအတွက် လမ်းစတစ်ခု



ကျွန်မတို့သည် ထိုက်ရှွီး ကျမ်းစာအုပ်များ (太虛大師全書) မှသိရသည်မှာ ထိုက်ရှွီး ဆရာတော်သည် လွန်ခဲ့သောနှစ်ပေါင်း

တစ်ရာခန့် (民國初年) တရုတ်ပြည်တွင် ဗုဒ္ဓဘာသာ အခြေအနေ ရုပ်ထွေးနေချိန်၌ပင် အနာဂတ် သာသနာရေး အတွက် အပြန်အလှန် သုံးသပ် စဉ်းစား ဆောင်ရွက်ခဲ့သည်။ ဤကျမ်းစာအုပ်များကို လေ့လာဖူးပါက အရင်ခေတ် တရုတ်ဗုဒ္ဓဘာသာ အကြောင်း နားလည်နိုင်ရုံသာမက အနာဂတ် သာသနာအတွက် ကြိုးပမ်း ဆောင်ရွက်ရန် ခွန်အားတရပ်ကို ရရှိပါမည် ။ ယင့်ဆွန့် ဆရာတော် (ထိုက်ရွှီး ဆရာတော် ဆက်ခံသူ) သည် ကျွမ်းကျင် လိမ္မာစွာဖြင့် ဗုဒ္ဓ အတွေးအခေါ်များ ကိုပြုစုခဲ့သည်။ အိန္ဒိယမှ ပြန့်ပွားလာသော တရုတ်ဘာသာ ဗုဒ္ဓကျမ်းစာ များကို အခြေခံ၍ ပျက်စီး ယိုယွင်း နေပြီဖြစ်သော ဗုဒ္ဓဘာသာ ကို ပြန်လည်အသက်သွင်းရင်း ထိုင်ဝမ်ရှိ မြတ်ဗုဒ္ဓ၏ သားတပည့်များကို လမ်းညွှန် မှုပေးခဲ့သည် ။ ထို့ကြောင့် ထိုက်ရွှီး ဆရာတော် နှင့် ယင့်ဆွန့် ဆရာတော် နှစ်ပါး သည် ခေတ်သစ် ဗုဒ္ဓဘာသာ အယူအဆ များကို မွမ်းမံ၍ ထိုင်ဝမ်ကို အဓိကထားသော တရုတ်စကားသုံး ဗုဒ္ဓဘာသာ ရင်ဆိုင်ရသော အခက်အခဲများကို ဖြေရှင်းရန် ဦးဆောင်ခဲ့သည် ။ ဤအယူအဆ လမ်းညွှန်မှု များကို လူအများ လေ့လာနိုင်ရန် တင်ပြခဲ့သည်။



ရှေးခေတ်ဟောင်း ကာလ သို့ ပြန်ပြောင်းကြည့်ပါက တရုတ်ပြည်တွင် ထျန်းထိုင်ဂိုဏ်း (天台宗) မှ ကျစ်ကျဲဘုန်းတော်ကြီး (智者法師)

ပေါ်ထွန်းခဲ့ပါသည် ။ ရှေးခေတ် တရုတ်ပြည် နယ်မြေ အလွန်ကြီးမားခြင်း နှင့် အိန္ဒိယနိုင်ငံ နှင့် ဝေးကွာခြင်း တို့က ဗုဒ္ဓဘာသာနှင့် အလှမ်းဝေးကာ အတွေ့အကြုံနည်းပါးစေခဲ့သည်။

ကျစ်ကျဲဘုန်းတော်ကြီး သည် သာသနာတော် နှစ် ၁၀၀၀ ကျော်တွင် အိန္ဒိယ ဗုဒ္ဓဘာသာ နှင့် တရုတ်ယဉ်ကျေးမှုတို့ ပေါင်းစပ်ကာ တရုတ်ဗုဒ္ဓဘာသာ ကို စတင် တည်ထောင်နိုင်ခဲ့ပြီး ဆက်လက် ခိုင်မြဲစေခဲ့သည် ။ ထို့ကြောင့် ကျစ်ကျဲ ဘုန်းတော်ကြီး သည် တရုတ်စကားသုံး ဗုဒ္ဓဘာသာကို ပေါ်ထွန်းရန် အထောက်အကူ ပြုနိုင်ခဲ့ပြီး နှစ်ပေါင်း တစ်ထောင်ကျော်တွင် ထိုင်ဝမ်သို့လည်း ရောက်ရှိလာပါသည်။ ထိုင်ဝမ်ရိုးရာဗုဒ္ဓဘာသာ သည် ဘာသာသုံးခု (ဗုဒ္ဓဘာသာ ၊ ကွန်ဖြူးရှပ်ဘာသာ ၊ တာအိုဘာသာ) ပါဝင်၍ သာရေး နာရေး ကိစ္စများတွင် အသုံးပြုသော ရိုးရာဓလေ့တစ်ခုသာ ဖြစ်သည်။ ဤပုံစံမျိုးကို မြန်မာနိုင်ငံရှိ တရုတ်ဘုရားကျောင်း များတွင် ယနေ့တိုင်တွေ့မြင်နိုင်ပြီး ရွှေတိဂုံဘုရား အနီးမှာပင် တရုတ်ဘုရားကျောင်းများ ရှိပါသည်။

ဤကဲ့သို့ ကျွန်ုပ်တို့၏ ဘိုးဘွားများ ပညာရှင်များ ထိုင်ဝမ်ဗုဒ္ဓဘာသာအပေါ် ဆောင်ရွက်ချက် များကို ပြန်လည် စဉ်းစားရင်း မူလဗုဒ္ဓသာသနာ (ထေရဝါဒ) သည်ထိုင်ဝမ်တွင် စတင်ခဲ့သည်မှာ အနှစ် ၂၀ ကျော်ခဲ့ပါပြီ။ မျက်မှောက်ခေတ် ထိုင်ဝမ်တွင် ပိဋကတ်သုံးပုံနှင့် အညီ သာသနာတော် တည်ထောင်ရေး ၊

တည်တံ့ခိုင်မြဲရေး အတွက် ကျွန်ုပ်တို့၏ အမြင် ၊ သုံးသပ်ချက် ၊ အကြံပြုချက်များ ကိုတင်ပြရပါမည်။

၄.၂။ မျက်မှောက်ခေတ် ထိုင်ဝမ်တွင်ဆောင်ရွက်ရမည့်အရေးကိစ္စများ နှင့် လုပ်ဆောင်ရန်လမ်းစဉ်များ

ထျန်းထိုင်ဂိုဏ်း ကျစ်ကျဲ ဘုန်းတော်ကြီး ခေတ် ပြဿနာသည် " တရုတ်ပြည်တွင် ဗုဒ္ဓဘာသာကို ဓလေ့ထုံးစံ အဖြစ် မည်သို့ ထူထောင်ရမည် " ဆိုခြင်းက အဓိက အရေးကိစ္စဖြစ်ခဲ့သည် ။ ထိုက်ရွှီးဆရာတော် နှင့် ယင့်ဆွန့် ဆရာတော်တို့ခေတ် ပြဿနာသည် "ယိုယွင်းနေသော တရုတ်ဗုဒ္ဓဘာသာ ဓလေ့ထုံးစံ ကို မည်သို့ပြန်လည် ခေတ်မီရှင်သန်ရမည်" ဆိုခြင်းက အဓိက အရေးကိစ္စဖြစ်ခဲ့သည် ။ ကျွန်ုပ်တို့သည် သမိုင်းမှ သင်ခန်းစာယူကာ မျက်မှောက်ခေတ်တွင် ကြုံတွေ့ရမည့် အခက်အခဲများကို ကောင်းစွာ နားလည် သဘောပေါက်လျက် ဟန်ချက်ညီညီ ဖြေရှင်းနိုင်မည့် နည်းလမ်းများကို တင်ပြနိုင်ရပါမည်။ ဤကဲ့သို့ ဗုဒ္ဓဘာသာ အတွေးအခေါ် များ လက်ဆင့်ကမ်း ထိန်းသိမ်းရေးကို ကောင်းစွာနားလည်၍ ရှင်းလင်းတင်ပြနိုင်သော လူတော် လူကောင်းများက ဗုဒ္ဓဘာသာ ဓလေ့ထုံးစံ နှင့်အညီ ကျင့်ကြံနေထိုင်ပြီး ဗောဓိဉာဏ်ရရှိရေးအတွက် ဘဝကိုရင်း၍ ဆောင်ရွက်မှသာ မျက်မှောက်ခေတ် ထိုင်ဝမ်တွင် ဗုဒ္ဓဘာသာထွန်းကားရေးကို အောင်မြင်စွာဆောင်ရွက်နိုင်ပါမည်။

ကျွန်ုပ်တို့သည် မြတ်စွာဘုရား၏ အဆုံးအမအတိုင်း လူတို့၏ နလုံးသားကို ဆွဲဆောင်ကာ ရတနာသုံးပါးကို အားကိုးရာ ဖြစ်စေပါမည်။ ယခုအခါ မြန်မာနိုင်ငံ ဗုဒ္ဓဘာသာ ထွန်းကားပုံကို မြင်တွေ့ရကာ အလွန် ဝမ်းမြောက်ပီတိ ဖြစ်မိပါသည်။ ထေရဝါဒ နက်ရှိုင်းကျယ်ပြန့်စွာ အမြစ်တွယ်ရသည့် အကြောင်း ကိုလည်း သဘောပေါက်မိပါသည် ။ ဤကဲ့သို့ ကောင်းမွန်လှပသော ဓလေ့ထုံးစံကို အတုယူကာ ယခုခေတ် ထိုင်ဝမ်တွင် ဆောင်ရွက် ရမည့် အရေးကိစ္စများကို တွေးတောဆင်ခြင်မိပါသည်။

၄.၂.၁။ ပထမ အရေးကိစ္စ

ရတနာသုံးပါးကို ကိုယ်စားပြုသော သံဃာအဖွဲ့အစည်း နှင့်အစဉ်အလာ (သို့) ပိဋကတ်သုံးပုံကို သင်ယူခြင်း (သို့) တရားထိုင်ခြင်း စသော အစိတ်အပိုင်းတခုစီ မဟုတ်ဘဲ ဗုဒ္ဓသာသနာတော် တစ်ခုလုံးကို ခြုံငုံ၍ တင်ပြနိုင်ရေးသည် ကျွန်ုပ်တို့၏ ပထမ အရေးကိစ္စ ဖြစ်ပါသည် ။ ဗုဒ္ဓဘာသာ နက်ရှိုင်းစွာ အခြေတည်ရှိ နေပြီဖြစ်သော မြန်မာနိုင်ငံ သည် အလွန် ကောင်းမွန်သော စံနမူနာတခု ဖြစ်ပါသည် ။ ရဟန်းသံဃာ ၅၀၀ ကျော်ရှိပြီး ပိဋကတ်သုံးပုံ နှင့်အညီ တရားအားထုတ်ကာ ကိလေသာ ကင်းဝေး၍ သာသနာတော်ရေရှည်တည်တံ့ရေးအတွက် ဆောင်ရွက်နေသော ဖားအောက်တောရသည် ကောင်းမွန်သော သာဓကတခု ဖြစ်ပါသည်။

ဗုဒ္ဓ တရားဓမ္မ ဝိနည်းတော်၏ မူလအနှစ်သာရ အတိုင်း သာသနာတော်
တခုလုံးကို ခြုံငုံ၍ စနစ်တကျ ရှင်းပြရပါမည်။ ဗုဒ္ဓဘာသာ သည်
ရဟန်းသံဃာများ အတွက်အသုံးဝင်ပုံ၊ ကိုးကွယ်သူ လူပုဂ္ဂိုလ် များအတွက်
အကျိုးရှိပုံ ကို ရှင်းပြကာ ရဟန်း သံဃာများ ဦးဆောင်သော သာသနာတော်ကို
လူမှုအဖွဲ့အစည်းတွင် ကျယ်ပြန့်စွာ တည်ဆောက်ပါမည် ။ ဘာသာခြားများနှင့်
ဆက်ဆံမှုများပြားသော ယခုခေတ် ထိုင်ဝမ် တွင် ရဟန်းသံဃာများ သည်
ဗုဒ္ဓဘာသာ အသိုင်းအဝိုင်းတွင် အေးချမ်းစွာ နေနိုင်ကြသော်လည်း၊
ရပ်ကွက်ထဲတွင်ဖြစ်စေ ၊ ရုံး ၊ ကျောင်းတွင်ဖြစ်စေ ဆက်ဆံရသူများမှာ
ဘာသာခြားများ ဖြစ်ကြသည် ။ ဤအချက်မှာ မြန်မာလူနေမှုစနစ် နှင့်
ကွာခြားကာ မြတ်စွာဘုရားပွင့်စဉ်က အိန္ဒိယ တွင် ကြုံခဲ့ရသော
အခြေအနေမျိုးဖြစ်ပါသည် ။ ဘုရားပွင့်ကာစ မြတ်ဗုဒ္ဓ တွေ့ဆုံခဲ့ရသူ အများစုမှာ
ဘာသာခြားများဖြစ်ခဲ့ကြပြီး ဘာသာခြားများ အပေါ် ဟောပြောခဲ့ပုံကို
အတုယူကာ ယခုခေတ် ဘာသာခြားများနှင့် ဆက်ဆံရာတွင်
အသုံးပြုနိုင်ပါသည်။

အိန္ဒိယနိုင်ငံတွင် သာသနာစတင် ထွန်းကားခဲ့သော်လည်း၊
အသောကမင်းကြီး၏ သာသနာတော်ကို ကြီးကျယ်မြင့်မြတ်စွာ
စောင့်ရှောက်ခဲ့သော်လည်း ဗုဒ္ဓဘာသာသည် အိန္ဒိယ၏ ဇာတ်စနစ် နှင့်
နတ်ကိုးကွယ်မှု ကို ပြောင်းလဲနိုင်စွမ်းမရှိပဲ နောက်ဆုံး အိန္ဒိယမြေတွင်

သာသနာကွယ်ခဲ့ရသည်။ တရုတ်ပြည်သို့ ဗုဒ္ဓဘာသာ ရောက်ရှိလာပြီးနောက် သာသနာအထွန်းကားဆုံး အချိန်၌ပင် ဘုရင်နှင့်မိသားစုကိုအဓိက ထားသော ကွန်ဖျူးရှပ် ရိုးရာဓလေ့ တို့ကို ပြောင်းလဲနိုင်စွမ်းမရှိပဲ နောက်ဆုံးတွင် ဘာသာသုံးခု ရောနှောသော တရုတ်ဗုဒ္ဓဘာသာ ဖြစ်ခဲ့သည် ။ ဤခါးသီးလှသော အတွေ့အကြုံကို သင်ခန်းစာယူကာ " ဗောဓိဉာဏ်ရရှိရေး " ဟူသော ဗုဒ္ဓဘာသာ၏ မူလအနှစ်သာရ မပျက်အောင် ထိန်းသိမ်းရမည်။ ဤမှသာ ကိုးကွယ်သူ ဒကာ ဒကာမ တို့ ရဟန်းသံဃာများ နှင့်အတူ သာသနာပြုရ ကျိုးနပ်ပေမည်။ မြတ်စွာဘုရားပွင့်တော်မူပြီး အိန္ဒိယတွင် အခြားအယူဝါဒ ရှိသူများကို စတင်၍ ဗုဒ္ဓဘာသာ ရဟန်းသံဃာ အဖြစ် ခံယူစေကာ ကမ္ဘာပေါ်တွင် ဗုဒ္ဓဘာသာ စတင်ပေါ်ပေါက်လာပါသည်။ ဤကား မြတ်စွာဘုရား ၏ သာသနာပြုနည်းဖြစ်ပြီး မိမိတို့၏ ဒေသတွင် ဗုဒ္ဓဘာသာ အမြစ် တွယ်ရေးအတွက် ဆောင်ရွက်ရမည့် လမ်းစဉ်လည်း ဖြစ်ပါသည်။ မြတ်စွာဘုရားသည် ရဟန်း ၊ ဗုဒ္ဓဘာသာ လူပုဂ္ဂိုလ်များ ၊ ဘာသာခြားများ ကို တရားဟောပြော၍ ဗောဓိဉာဏ် ရရှိရေး လမ်းကြောင်းပေါ်သို့ ပို့ဆောင်ခဲ့သည်။ ဤနည်းလမ်းသည် ယနေ့ထိုင်ဝမ်တွင် ကျင့်သုံးရန် အလွန်သင့်လျော် ပါသည်။

တရားဓမ္မ နှင့် အညီ ဗုဒ္ဓဘာသာကို ဘက်စုံ ထွန်းကားရန် ဆောင်ရွက်ရေးသည် ကျွန်ုပ်တို့၏ ပထမ အရေး ကိစ္စဖြစ်၍ ယခင် နောင်တော်များက ဤကိစ္စကို လုပ်ဆောင်ခဲ့ကြသော်လည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်

ရှိနေပါသေးသည်။ ဥပမာ၊ အချို့ယောဂီများသည် တရားထိုင်ကြသည် ၊ အချို့ လူပုဂ္ဂိုလ်များက ပိဋကတ်သုံးပုံကို ဘာသာပြန် ကြသည် ၊ အချို့ ဒကာ ဒကာမ များက သံဃာတော်များအား လှူဒါန်းထောက်ပံ့ ကြသည် ၊ ဥပုသ် သီလ ဆောက်တည်ကြသည် ။ ဤလုပ်ရပ်များသည် အလွန်ကောင်းမွန်ပါသည်။ သို့သော် ဘက်ပေါင်းစုံမှ စနစ်တကျ သာသနာပြုရေး သည် ကျွန်ုပ်တို့ ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ပါသည်။

၄.၂.၂။ ဒုတိယ အရေးကိစ္စ

ဗုဒ္ဓသာသနာသည် ယခုခေတ်တွင် တစ်ကမ္ဘာလုံး ပြန့်နှံ့သွားသည်ကို လျစ်လျူရှု၍ မဖြစ်နိုင်တော့ပါ ။ အိန္ဒိယနိုင်ငံကို ဗဟိုထား၍ အိန္ဒိယ၏ တောင်ဘက်သည် တောင်ပိုင်း ဗုဒ္ဓဘာသာ (ထေရဝါဒ)၊ အရှေ့ဘက်သည် အရှေ့အာရှ ဗုဒ္ဓဘာသာ (မဟာယာန)၊ မြောက်ဘက်သည် တိဗက် ဗုဒ္ဓဘာသာ ၊ အနောက်ဘက်သည် အနောက်တိုင်း ဗုဒ္ဓဘာသာ ဖြစ်လာခဲ့ပါသည် ။ ဘုရားပွင့်ရာ အိန္ဒိယကို ဗဟိုထား၍ အရပ်လေး မျက်နှာသို့ ပြန့်နှံ့သွားရာ အသုံးပြုသော ကျမ်းစာ ၊ ဘာသာစကား များမှာလည်း မတူညီတော့ပါ ။ ထေရဝါဒဗုဒ္ဓဘာသာသည် ပါဠိ ပိဋကတ်သုံးပုံ ကိုအသုံးပြုပြီး၊ အရှေ့အာရှ ဗုဒ္ဓဘာသာ သည် တရုတ်ဘာသာ ကျမ်းစာများကိုငှင်း၊ တိဗက် ဗုဒ္ဓဘာသာ သည် တိဗက်ဘာသာ ကျမ်းစာများ

ကိုရီးယား၊ ဥရောပ နှင့် အနောက် နိုင်ငံများတွင် အင်္ဂလိပ်ဘာသာ
ဖြင့်ပြန်ဆိုထားသော ကျမ်းစာအုပ်များကို အသုံးပြုကြပါသည်။
ဗုဒ္ဓဘာသာ၏ အသွင်သဏ္ဍာန်နှင့် တန်ဖိုးထားမှုမှာ ခေတ်တခေတ် နှင့်
တခေတ် မတူညီကြပါ။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင် ပြီး ပထမ နှစ် ၅၀၀
(ပထမခေတ်) တွင် ရဟန်းသံဃာများ ဦးဆောင်သော
ဗုဒ္ဓဘာသာထွန်းကားခဲ့သည် ။ ဒုတိယခေတ် (ဒုတိယ နှစ် ၅၀၀)
အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓဘာသာသည် လူပုဂ္ဂိုလ် များ အတွင်းပြန့်နှံ့ သွားပါသည်။
တတိယခေတ်တွင် ဗုဒ္ဓဘာသာသည် ဘာသာခြားတွင် အဓိက ပြန့်နှံ့
သွားပါသည်။ ဤသို့ဖြင့် အိန္ဒိယတွင် ဗုဒ္ဓဘာသာသည် ကာလ အပိုင်းအခြား
သုံးခု ဖြင့် ရဟန်း ၊ လူပုဂ္ဂိုလ်များ ၊ ဘာသာခြားများ ကိုးကွယ်သော
ဘာသာအဖြစ် ထွန်းကားခဲ့သည်။ အိန္ဒိယမှ ပြန့်နှံ့လာသော ထေရဝါဒ
ဗုဒ္ဓဘာသာ သည် ရဟန်းသံဃာများဖြင့် အဓိကဖွဲ့စည်းထားသော
ဗုဒ္ဓဘာသာအဖြစ် စည်ပင်ထွန်းကားလာပါသည်။ တရုတ်ဗုဒ္ဓဘာသာသည်
လူပုဂ္ဂိုလ်များ အဓိက ပါဝင်သော ဗုဒ္ဓဘာသာ ဖြစ်လာပါသည်။ တိဗက်
ဗုဒ္ဓဘာသာသည် ဘာသာခြားများအပေါ် သာသနာပြု နိုင်သော
ဗုဒ္ဓဘာသာအဖြစ် ထင်ရှားပါသည်။ မျက်မှောက်ခေတ် ဥရောပ နှင့်
အနောက်နိုင်ငံများတွင် ထေရဝါဒ၊ မဟာယာန၊ တိဗက် စသော ဂိုဏ်းပေါင်းစုံ
တို့ သွားရောက် သာသနာပြုကြပါသည်။ ထို့ကြောင့်မြတ်စွာဘုရား
လက်ထက်တော်က သာသနာတော်မျိုး မဟုတ်တော့ပဲ ယခုခေတ်တွင်

တကမ္ဘာလုံး နှင့်သက်ဆိုင်သော ဘာသာကြီးအဖြစ် အသွင်ပြောင်းလဲသွားပါသည်။ တချိန်တည်းမှာ ကမ္ဘာ အရပ်ရပ်ရှိ ဂိုဏ်းပေါင်းစုံ မှ ဗုဒ္ဓဘာသာတို့သည် မျက်မှောက်ခေတ် တွင် ထိုင်ဝမ် သို့ဝင်လာကြရာ ထိုင်ဝမ် ဗုဒ္ဓဘာသာကို ပုံစံသစ်ဖြင့် မြင်တွေ့ရပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ ဒုတိယ အရေးကိစ္စသည် တကမ္ဘာလုံး ပုံစံအမျိုးမျိုး ပြောင်းလဲနေသော ဗုဒ္ဓဘာသာ အယူအဆများမှ လူမျိုးစွဲ ဆရာစွဲ ဂိုဏ်းစွဲ မထားပဲ ဗုဒ္ဓ၏ မူလ အနှစ်သာရ အတိုင်း ဗုဒ္ဓဘာသာကို ဝေဖန်ဆန်းစစ် ရပါမည် ။ ထျန်းထိုင်ဂိုဏ်း ကျစ်ကျဲဘုန်းတော်ကြီးသည် ရှေးခေတ် နတ်ကိုးကွယ်မှု အယူဝါဒများကို အခြေခံထား၍ ဗုဒ္ဓဘာသာကို ထူထောင်ခဲ့သည်။



ထိုက်ရှွီးဆရာတော် နှင့် ယင့်ဆွန့်ဆရာတော် တို့သည် မဟာယာနအယူအဆများကို အခြေခံ၍ ဗုဒ္ဓဘာသာကို ထူထောင်ခဲ့သည် ။ ထိုင်ဝမ်တွင် သာသနာ ရေရှည်တည်တံ့ခိုင်မြဲပြီး လူများစု ကိုးကွယ်သော ဘာသာဖြစ်ရန် မျှော်မှန်းထားပါသည်။ မြတ်ဗုဒ္ဓ၏ တရားဓမ္မ ဝိနည်းစည်းကမ်းအတိုင်း ကမ္ဘာ့ဗုဒ္ဓဘာသာကြီးကို ဝေဖန်ဆန်းစစ်ကာ စစ်မှန်သော သာသနာကို ထွန်းကား၍ ကမ္ဘာ့သမိုင်းတွင် ထင်ရှားစေပါမည်။

ဤ အရေးကိစ္စကို ရှေးခေတ် သူတော်ကောင်းတို့လည်း

ဆောင်ရွက်ခဲ့ကြပါသည် ။ မျက်မှောက်ခေတ် သို့ရောက်သောအခါ

ကျွန်ုပ်တို့သည် မြတ်စွာဘုရား၏ သားတပည့်ပီသစွာဖြင့် တရားဓမ္မများကို

လေ့လာသင်ယူကြကာ တကမ္ဘာလုံး သို့သွားရောက်၍ ဗုဒ္ဓဘာသာကို

လေ့လာနိုင်ကြရကား ကုသိုလ် ပါရမီ ဖြည့်သည့်အနေဖြင့် ဉာဏ်စွမ်းရှိသမျှ

ဤတာဝန်ကို ထမ်းဆောင် ရပေမည်။

၄.၂.၃။ တတိယ အရေးကိစ္စ

ယနေ့အချိန်တွင် ကမ္ဘာကြီးသည် လူမှုအဖွဲ့အစည်းတခု (globalization)

ဖြစ်လာခဲ့ရာ အများစုက ဘာသာရေးကို တန်ဖိုး မထားကြတော့ပါ ။ ထိုင်ဝမ်တွင်

ဘာသာရေး လုပ်ရှားမှုများ အများအပြားရှိသော်လည်း ဘာသာရေး သည် ပဓါန

မဟုတ်တော့ပေ။ မြန်မာနိုင်ငံကဲ့သို့ ရိုးသားဖြူစင်သောဒေသ ၊ ရဟန်းသံဃာ

နှင့် ဗုဒ္ဓဘာသာဝင် တို့အင်အားကောင်းသော ဒေသ တို့ပင်

အနောက်တိုင်းယဉ်ကျေးမှုများ ထိုးဖောက်ဝင်ရောက်ခဲ့သည်။ ဘာသာခြားတို့၏

အတွေးအခေါ်၊ ယဉ်ကျေးမှု တို့ကိုရှေ့တန်း တင်လာကြသည် ။ ဥပမာ ၊

ထိုင်းနိုင်ငံသည် ထေရဝါဒနိုင်ငံဖြစ်ပြီး လူထု၏ ရင်ထဲတွင် ရတနာသုံးပါး

ရှိသော်လည်း ဘာသာခြား အယူဝါဒကျယ်ပြန့်လာပြီး ထိုင်း ရဟန်းသံဃာ

အရေအတွက် ၊ ကလေးများ ကိုရင်ဝတ်မှု အရေအတွက်က အလျင်အမြန်

ကျဆင်းလာခဲ့သည်။ လောကီအာရုံ ကာမဂုဏ် စည်းစိမ်ခံစားမှု ကို
အဓိကထားသော၊ တန်ဖိုးထားသော အယူအဆများက တဖြည်းဖြည်း
လွှမ်းမိုးလာခဲ့သည်။ ကာမဂုဏ် အာရုံ (အာဏာရရှိရေး) အတွက် ထိုင်းနိုင်ငံ
အနီရောင်တပ် နှင့် အဝါရောင်တပ် အဓိကရုဏ်းများက သက်သေ
ခံလျက်ရှိသည်။ ဤအခြေအနေကို ထေရဝါဒနိုင်ငံများ သာမက
ခရစ်ယာန်နိုင်ငံများ ၊ မွတ်စလင်နိုင်ငံများလည်း ကြုံတွေ့ကြရသည် ။
ကမ္ဘာပေါ်ရှိ ယဉ်ကျေးမှုစနစ်တိုင်းလိုလို ဘာသာရေးသည် လူမှုအဖွဲ့အစည်း၏
ဗဟိုမှ လူအဖွဲ့အစည်း၏ အပြင်သို့ ရောက်ခဲ့သည်။ အနောက်တိုင်း သိပ္ပံပညာ
နှင့် ဓနရှင်ဝါဒ တို့ နေရာယူလာကြသည်။ သိပ္ပံပညာ တို့က ပဓါနဖြစ်ကြောင်းကို
တက္ကသိုလ် ကောလိပ်များ ၏ ဘာသာရပ် သင်ရိုးညွှန်းတန်းတို့က
သက်သေခံလျက် ရှိသည်။

ယခုခေတ် ဗုဒ္ဓဘာသာ ရင်ဆိုင်ရသော အခြေအနေ ပြဿနာများမှာ
ရှေးခေတ်နှင့် မတူပါ ။ ဥပမာ ၊ ကမ္ဘာပေါ်ရှိ ဘာသာအားလုံး ၊ ယဉ်ကျေးမှု
အားလုံးသည် ထိုင်ဝမ်တွင်ရှိပြီး အချင်းချင်း အပြန်အလှန် ဖလှယ်ကြသည်။
ထို့ကြောင့် မြတ်စွာဘုရားကို ဦးထိပ် ထားသော ဗုဒ္ဓဘာသာကို အတွင်းဆုံး၌
တည်ရှိစေပြီး ၊ အပြင်မှ ကမ္ဘာ့ ဘာသာများက ဝိုင်းရံထားပြီး ၊ အပြင်ဆုံးမှ
ကမ္ဘာ့ယဉ်ကျေးမှုက ဝိုင်းရံထားစေပါမည် ။ မြတ်စွာဘုရား လက်ထက်က
ကျင့်သုံးခဲ့သော ရဟန်း ၊ ဗုဒ္ဓဘာသာဝင် လူပုဂ္ဂိုလ်များ ၊ ဘာသာခြားများ အပေါ်

သာသနာ ပြုခဲ့သည်ကို အတုယူ၍ မျက်မှောက်ခေတ်တွင် ဘာသာရေး
တန်ဖိုးထားခြင်း ကိုဖြစ်စေပါမည် ။ တစတစ အင်အားကြီးမား လာသော
ဘာသာခြားယဉ်ကျေးမှု နှင့် သိပ္ပံပညာ ရုပ်ဝတ္ထု ကာမဂုဏ်
ကိုအလေးထားသော အနောက်တိုင်း ယဉ်ကျေးမှုက ကျွန်ုပ်တို့ အဓိက
ရင်ဆိုင်ရမည့် ပြဿနာဖြစ်သည် ။ နောက်တခု ထိုင်ဝမ် ရင်ဆိုင်ရမည့်
ကိစ္စတခုမှာ စီးပွားရေး အင်အားကြီးမား လာသော တရုတ်ပြည်မကြီး ဖြစ်သည်။
တရုတ်ရိုးရာယဉ်ကျေးမှု ကို အနောက်တိုင်း ယဉ်ကျေးမှု နှင့် ကွန်မြူနစ်
ယဉ်ကျေးမှု တော်လှန်ရေး တို့က ဖျက်စီးခဲ့ကြပြီး ၊ ဘာသာရေးကို ဘိန်း
နှင့်နှိုင်းယှဉ် ခဲ့ကြသည် ။ ဒေသ နှစ်ခု ၏ ဘာသာစကား တူညီမှု ၊
ဆွေမျိုးတော်စပ်မှု တို့က စီးပွားရေး ၊ ယဉ်ကျေးမှု ကူးလူး ဆက်ဆံရေး ကို
ကောင်းမွန်စေပြီး ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်ခဲ့ကြသည် ။ ဤကား
ကောင်းမွန်သည့် အချက်ဖြစ်ပါသည်။ သို့သော် ထိုင်ဝမ်ဗုဒ္ဓဘာသာကို
စီးပွားရေး ကိစ္စများ ရောနှောလာခြင်းကား မဖြစ်သင့်ပါ ။ ဗုဒ္ဓ ဓမ္မ အသိပညာ
ဖြင့်သာ ဒေသနှစ်ခု၏ လူမျိုးရေး ချစ်ကြည်ရေးကို ဖော်ဆောင်ရပါမည်။
အကယ်၍ နိုင်ငံရေး ကိစ္စများကို အဓိကထားပါက ဗုဒ္ဓဘာသာ မဟုတ်တော့ပေ။
တရုတ်ပြည်တွင် ဗုဒ္ဓဘာသာသည် လူ့အဖွဲ့အစည်းနှင့်အတူ စည်ပင်
တိုးတက်ပြီး စိတ်၏ စင်ကြယ်ခြင်းကိုဖြစ်ပေါ်စေကာ ဗောဓိဉာဏ်ရရှိရေး ကို
အထောက်အကူပြုနိုင်ပါက ကျွန်ုပ်တို့ လုပ်ဆောင်ရကျိုးနပ်ပါပြီ။

ရှေးခေတ်ပဟောင်း ထျန်းထိုင်ဂိုဏ်း သည် ကွန်ဖျူးရှပ် ဘာသာဝင်များအား လူ့ရွာ
သုဂတိ ၊ တာအို ဘာသာဝင် များအား နတ်ဘုံ သုဂတိ ဖြင့် စိတ်ဝင်စားစေကာ
ဗုဒ္ဓဘာသာအဖြစ် သိမ်းသွင်းခဲ့သည် ။ တရားဓမ္မကို မဟာယာန အသွင်သစ်
ဖြင့်ပြုပြင် ရေးသားခဲ့သည် ။ ထိုက်ရှီး ဆရာတော်၏ အတွေးအခေါ်များ
သည်လည်း တရုတ် ဗုဒ္ဓဘာသာ ကိုသာ အဓိက ထား ပြီး မြတ်ဗုဒ္ဓ၏
ကျမ်းစာများကို အခြေခံထားခြင်း မဟုတ်ပါ ။ ယင့်ဆွန့်ဆရာတော် မှာ
တရုတ်ဘာသာဖြင့် ထေရဝါဒကို အသက်သွင်းကာ မြတ်ဗုဒ္ဓ၏
ညွှန်ကြားမှုများကို အလေးထားသော်လည်း လူမျိုးစုများ၏ ချစ်ကြည်မှုကို
မဖော်ဆောင်နိုင်ခဲ့ပါ ။ ဤကား ကျွန်ုပ်တို့ ကိုးကားရမည့် အဖိုးတန် အချက်များ
ဖြစ်ပါသည် ။ ဗုဒ္ဓဘာသာ အိန္ဒိယတွင် ကွယ်ပျောက်ခဲ့ပုံ ၊
ဘာသာသုံးခုရောနှောနေသော တရုတ်ဗုဒ္ဓဘာသာ ၊ သာရေးနာရေး
ကိစ္စများတွင်သာ သုံးသော ရိုးရာဗုဒ္ဓဘာသာ ၊ စသည့် အဖြစ်အပျက်တို့ကို
သင်ခန်းစာယူ၍ စစ်မှန်သော သာသနာတော်ကို ထိန်းသိမ်း
စောင့်ရှောက်ရေးသည် အရေးကြီးဆုံး လုပ်ငန်း ဖြစ်ပါသည်။ မျက်မှောက်ခေတ်
ဗုဒ္ဓဘာသာ ကြုံတွေ့ရသော အကြီးဆုံး အန္တရာယ်မှာ ဘာသာခြား ယဉ်ကျေးမှု
နှင့် ငွေကြေး ၊ ကာမဂုဏ် အာရုံခံစားရေးအယူဝါဒ ဖြစ်သည်။
" သံသရာမှ လွတ်မြောက်ရေး နှင့် ဗောဓိဉာဏ် ရရှိရေး " တည်းဟူသော
ဗုဒ္ဓဘာသာ၏ အနှစ်သာရကို ကာကွယ် ထိန်းသိမ်းရမည် ။ ကျွန်ုပ်တို့
မြန်မာနိုင်ငံကို လာရောက်ခြင်းမှာ ထေရဝါဒ ရဟန်းသံဃာများ ထိန်းသိမ်း



စောင့်ရှောက်လာသော မြတ်ဗုဒ္ဓ၏
တရားဓမ္မ မူလအနှစ်သာရကို
လာရောက်သင်ယူခြင်း ဖြစ်ပါသည်။
ကာမဂုဏ် စည်းစိမ်ခံစားရင်း ကိလေသာ
ဝေးကွာ သံသရာမှလွတ်မြောက်မည်
ဆိုပါက ယခုခေတ် လူများ၏
လိုအပ်ချက်နှင့် ကိုက်ညီမည် ဖြစ်သော်လည်း ဗုဒ္ဓဘာသာကို ဤလောကမှ
အမြန်ဆုံး ကွယ်ပျောက်စေပါမည်။

ယခုခေတ်သစ်တွင် မြတ်စွာဘုရား လက်ထက်က ရဟန်း ၊ ဗုဒ္ဓဘာသာဝင်
လူပုဂ္ဂိုလ်များ ၊ ဘာသာခြားများ အပေါ် သာသနာပြုခဲ့သည့် နည်းအတိုင်း
တန်ဖိုးရှိသော စနစ်သစ် တခုကို ထူထောင်ရပါမည် ။ ထိုစနစ်မှာ မြတ်ဗုဒ္ဓကို
ဦးထိပ် ထားသော ဗုဒ္ဓဘာသာကို အတွင်းဆုံး၌ တည်ရှိစေပြီး ၊ အပြင်မှ ကမ္ဘာ့
ဗုဒ္ဓဘာသာ များက ဝိုင်းရံထားပြီး ၊ အပြင်ဆုံးမှ ကမ္ဘာ့ယဉ်ကျေးမှုက
ဝိုင်းရံထားကာ ဤကမ္ဘာမြေပေါ်တွင် ဗုဒ္ဓဘာသာ၏ နေရာ နှင့်
တန်ဖိုးကိုမြင်တွေ့ရပါမည်။ ထိုင်ဝမ်ပြည်သူများ အတွက် ထာဝရ
အကျိုးဖြစ်ထွန်းစေပါမည်။ ဤကား ကျွန်ုပ်တို့၏ တတိယ အရေးကိစ္စ
ဖြစ်ပါသည်။

၄.၃။ ထိုင်ဝမ်တွင် ဆောင်ရွက်ရမည့် အရေးကိစ္စများ အနှစ်ချုပ်

ခေတ်သစ် အရေးကိစ္စ သုံးခု၏ အနှစ်ချုပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) ထိုင်ဝမ်တွင် မြတ်ဗုဒ္ဓ၏ တရားဓမ္မ အားလုံးကို ခြုံငုံ၍ တင်ပြနိုင်ရမည်။ အနည်းဆုံး " ရတနာသုံးပါး ကိုးကွယ်ခြင်း၏ ကုသိုလ် ၊ ပိဋကတ်သုံးပုံကို အဓိပ္ပာယ်ဖွင့်ဆိုခြင်း ၊ သိက္ခာသုံးရပ် အကျင့်မြတ်ကို ကျင့်ကြံ ၍ သံသရာမှလွတ်မြောက်ရေး " အချက်များပါဝင်ရမည်။ ဤ ရှင်းလင်းတင်ပြချက်များကို အခြေခံ၍ အခြားဘာသာဝင်များ ဗုဒ္ဓဘာသာကိုလေ့လာနိုင်ကာ ဗုဒ္ဓဘာသာဝင် လူ ၊ ရဟန်းများ စိတ်ချမ်းသာစွာ ကျင့်ကြံ အားထုတ်ကာ သံသရာမှ လွတ်မြောက်နိုင်ပါသည်။

(၂) မြတ်ဗုဒ္ဓ၏ ဟောကြားခဲ့သည်များကို အခြေခံ၍ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာကို ခွဲခြား ဝေဖန်ဆန်းစစ် ကာ စစ်မှန်သော သာသနာတော် ကို လူ့လောကတွင် ထွန်းကားစေပါမည်။

(၃) ဗုဒ္ဓဘာသာသည် ကမ္ဘာ့ ဘာသာများ နှင့် အရင်ထိတွေ့ဆက်ဆံရပြီး နောက်မှ ကမ္ဘာ့ယဉ်ကျေးမှု နှင့် ထိတွေ့ရသည် ။ ထို့ကြောင့်မြတ်ဗုဒ္ဓကို ဦးထိပ် ထားသော ဗုဒ္ဓဘာသာကို အတွင်းဆုံး၌ တည်ရှိစေပြီး ၊ အပြင်မှ ကမ္ဘာ့ ဗုဒ္ဓဘာသာ များက ဝိုင်းရံထားပြီး ၊ အပြင်ဆုံးမှ ကမ္ဘာ့ယဉ်ကျေးမှုက ဝိုင်းရံထားသော ကမ္ဘာကြီး ဖြစ်လာရန် တည်ထောင်ရမည်။ ကျွန်ုပ်တို့က

တဆင့်ပြီးတဆင့် ဆောင်ရွက်ရမည်ဖြစ်ပြီး ကမ္ဘာ့ဗုဒ္ဓဘာသာကြီး အတွက် ထူးခြားသော အဓိပ္ပာယ်ကို ဖော်ဆောင်ပါမည် ။

(၅) နီဂုံး နှင့် စာရေးသူ၏ ရင်တွင်းခံစားချက်

၅.၁။ နိဂုံး

ကျွန်ုပ်တို့ ယနေ့ မြန်မာနိုင်ငံ ရွှေတိဂုံဘုရားသို့ ဘုရားဖူးလာကြရာ ရွှေတိဂုံဘုရားပေါ်မှ သာသနာအလင်းရောင်ကို တွေ့မြင်ကြရကား မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာ အစဉ်အလာ ခိုင်မြဲသော နိုင်ငံ တစ်နိုင်ငံဖြစ်ကြောင်း ပြသလိုက်ခြင်းပင် ဖြစ်သည် ။ ဤနေရာမှ အနာဂတ် ထိုင်ဝမ် သာသနာတော် အကြောင်း စဉ်းစားနေမိပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် သာသနာတော် ကိုကြည်ညို လေးစားပြီး ဘဝတခုလုံးကို မြှုပ်နှံကာ မိသားစု မိတ်ဆွေ ရောင်းရင်းများ နှင့် အတူ တရားအရသာကို ခံစားလိုပါသည် ။ ထိုမှတဆင့် ထိုင်ဝမ်တွင် ဗုဒ္ဓဘာသာ အမြစ်တွယ်၍ တကမ္ဘာလုံးကို သာသနာ ပြန့်ပွားစေချင်ပါသည် ။ ဤကား ယနေ့ခေတ် ထိုင်ဝမ်ရှိ မြတ်ဗုဒ္ဓ၏သား တပည့်များ အတူတကွ လုပ်ဆောင်ရမည့် တာဝန်ဖြစ်ပြီး ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ ဆောင်ရွက် ကြရပါမည်။

ရှေးခေတ် တရုတ်လူမျိုးများထဲတွင် ထျန်းထိုင်ဂိုဏ်း ကျစ်ကျဲ ဘုန်းတော်ကြီး တည်ထောင်ခဲ့သော ရိုးရာ အယူအဆများ နှင့် ထိုက်ရှီးဆရာတော် ၊ ယင့်ဆွန့် ဆရာတော် တို့ တည်ထောင်ခဲ့သော ခေတ်သစ် ဗုဒ္ဓဘာသာ အတွေးအခေါ်တို့သည် အထင်ရှားဆုံး စနစ် နှစ်ခု ဖြစ်ခဲ့ပါသည် ။

ယနေ့ခေတ်တွင် မြတ်ဗုဒ္ဓ ဟောကြားခဲ့သည့် တရားဓမ္မ အနက် အဓိပ္ပာယ် ကို မပျောက်ပျက်စေပဲ ရှေးခေတ်တရုတ် ပညာရှင်များ၏ စိတ်ဓာတ် နှင့် ကောင်းကွက်ကို အတုယူကာ မြန်မာနိုင်ငံ ကဲ့သို့ အခြေခိုင်မာ လှသော ထေရဝါဒ အစဉ်အလာ အတိုင်း အတွေးအခေါ်စနစ်သစ် တစ်ခုကို တည်ထောင် ရပါမည်။

ယခုတခေါက် ရွှေတိဂုံဘုရားသို့ ဘုရားဖူးလာခြင်း နှင့် လေ့လာရေးခရီး အတွေ့အကြုံများကို အားလုံးအား မျှဝေခံစား စေချင်ပါသည် ။ မြတ်ဗုဒ္ဓ၏ တပည့်သာဝက တစ်ယောက် အနေဖြင့် ဤစာတမ်းကို မိမိကိုယ်တိုင်လည်း အသုံးပြုရင်း အခြားသူများ ကိုလည်း ဝေမျှ ပေးချင်ပါသည်။ လမ်းတလျှောက်လုံး စိတ်အား ထက်သန်စွာဖြင့် ပါဝင်ဆွေးနွေးခဲ့သော ချင်းတင့်ဆရာတော် ကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။

၅.၂။ ရင်တွင်းဖြစ် ခံစားချက်

ဆရာတော်၏ တရားကို နားထောင်ပြီး စိတ်ထဲတွင် အလွန်တရာ အားရ ကျေနပ်မှု ရှိလှပါသည် ။ နောက်ဆုံး ပြောသွားသော စကားလုံးများက စိတ်ထဲတွင် ပဲ့တင်ထပ်လျက် ရှိပါသည် ။ ဤစာတမ်းကို ဓမ္မ မိတ်ဆွေများ လေ့လာပြီး တရားကျင့်ရာတွင် အထောက်အကူပြုရုံသာမက သာသနာပြုလုပ်ငန်းများတွင်လည်း လမ်းညွှန် သဖွယ်ဖြစ်ရန် မျှော်လင့်ပါသည်။


ရွှေတိဂုံဘုရား မှအပြန်လမ်း နေပူခံကျောက်ပြားများပေါ်တွင် လျှောက်လှမ်း နေရသော်လည်း ဆရာတော်၏ အနက်အဓိပ္ပာယ် ပြည့်ဝ၍ စိတ်လှုပ်ရှားဖွယ်ကောင်းသော တရားကို နာယူ ရသောကြောင့် ရင်ထဲတွင် အလွန်အေးချမ်းလှပါသည် ။ ဆရာတော်၏ အသေးစိတ်ရှင်းပြမှုကြောင့် မြန်မာနိုင်ငံ၏ လက်ရှိဗုဒ္ဓဘာသာ အခြေအနေကို နားလည် သဘောပေါက်ရုံမက ထိုင်ဝမ်ဗုဒ္ဓဘာသာ သမိုင်းကြောင်းကို ပြန်ပြောင်း ကြည့်ရှုရင်း ယင့်ဆွန့် ဆရာတော် ၊ ထိုက်ရွှီး ဆရာတော် ၊ ကျစ်ကျဲဘုန်းတော်ကြီး အစရှိသည့် ရှေးခေတ် တရုတ်ပညာရှင်များ၏ ဗုဒ္ဓဘာသာအပေါ် အနစ်နာခံပေးဆပ်ခဲ့မှုများကို အောက်မေ့သတိရလျက်ရှိပါသည် ။ သမိုင်းတွင် ထင်ရှားကျော်ကြားသော ရွှေတိဂုံဘုရား ရင်ပြင်တော်ပေါ်တွင်

အဖိုးတန်လှသော တရားကို နာကြားရင်း မျက်မှောက်ခေတ် အရေးကိစ္စများကို တွေးတောနေမိပါသည်။

မြတ်ဗုဒ္ဓ၏ သာသနာပြုနည်းများသည် ရှေးခေတ်မှ ယခုခေတ် တိုင်အောင် အသုံးပြုနိုင်သကဲ့သို့ ရှေးကျသော ဗုဒ္ဓဘာသာသည်လည်း ယနေ့တိုင်အောင် ကိုးကွယ်ရာအဖြစ် အားထားနိုင်ကြောင်း ယုံကြည်မိပါသည်။ ရတနာ သုံးပါး၏ ဂုဏ်ကျေးဇူးကို အောက်မေ့လျက် သာသနာပြုလုပ်ငန်းများကို သမိုင်းပေးတာဝန် အဖြစ်ခံယူထားသော ဆရာတော်၏ စိတ်ဓာတ်ကို သိရသောအခါ ကျေးဇူးတင်လေးစားမိပါသည် ။ ဆရာတော်သည် တရားဟောရာတွင် စေတနာ ထက်သန်စွာဖြင့် ဟောရုံမက လူတိုင်းကိုလည်း "မိမိတို့၏ ဗုဒ္ဓဘာသာ အဆင့်အတန်း" ကိုသိရှိရန် လိုကြောင်း ထပ်တလဲလဲ သတိပေးပါသည် ။ ဗုဒ္ဓသာသနာကို မိမိ တဦးတည်း ကိုးကွယ်ရုံမက အခြား ဆွေမျိုး မိတ် သင်္ဂဟများ နှင့်အတူ သာသနာအကျိုးကို ဆောင်ရွက်ကြ ရပါမည်။ အခြား ဗုဒ္ဓဘာသာဝင်များနှင့် အတူ ဤကမ္ဘာမြေ ကို စောင့်ရှောက်ရပါသည်။ တနည်းဆိုရသော် သာသနာတော်ကို ကမ္ဘာ အရပ်ရပ်သို့ ဆက်လက်ပြန့်ပွားသွားစေကာ ထိုင်ဝမ်တွင်လည်း အခြေခိုင်မြဲ စေပါမည်။ အခြားတရုတ်ဒေသများတွင်လည်း အခြေခိုင်မြဲစေပါမည်။ လူလောကတွင် ထာဝရတည်ရှိစေပါမည်။

နောက်ဆုံး ပါဠိဘာသာဖြင့် အမျှဝေနေစဉ် မဝေးသော တနေရာမှ ခေါင်းလောင်းထိုးသံက ပျံ့လွင့်လာပါသည် ။ အေးမြသော လေပြေလေညှင်း၏ အရသာကိုခံစားရင်း ကျယ်ဝန်းလှသော ရွှေတိဂုံဘုရား ရင်ပြင်တော်ပေါ်တွင် နီညိုရောင်သင်္ကန်းကို ဆင်မြန်းထားသော ဆရာတော်ကို ဝိုင်းရံ၍ ထိုင်နေကြကာ သာသနာတော်ကို လိုက်လိုက်လှဲလှဲ ကြည်ညိုလေးစားသော စိတ်ဓာတ်များက လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော် မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်အခါသို့ ပြန်ပြောင်း ရောက်ရှိသလိုခံစား မိပါသည် ။ ဤမြင်ကွင်း ဤခံစားချက်များမှာ ယခုထက်တိုင် စိတ်ထဲတွင် ပြန်မြင်ယောင်နေမိပါသည်။ တသက်တာတွင် ဘယ်သောအခါမှ မေ့မရနိုင်တော့ပါ။

သာဓု .. သာဓု .. သာဓု..





သမဏသုခတောရကျောင်း

ဖားအောက် (ထိုင်ဝမ်ဒီပ)

靜樂禪林

帕奧禪林（台灣分院）

地址：**54445** 南投縣國姓鄉長福村長雙巷 **29** 號

Tel：886-49-2432891

Fax：886-49-2432231

http://www.taiwandipa.org.tw

Email：taiwandipa@gmail.com

上座部學院出版書籍

一、巴利三藏譯叢

01《比庫巴帝摩卡》
瑪欣德尊者 **Bhante U Mahinda**
02《大護衛經》
瑪欣德尊者 **Bhante U Mahinda**
03《上座部佛教唸誦集》
瑪欣德尊者 **Bhante U Mahinda**
04《經集》郭良鋆　編譯
05《巴利課誦》
編者：智行尊者
(**Bhante U Nyanacara**)
觀淨尊者(**Bhante U Sopāka**)
譯者：瑪欣德尊者
(**Bhante U Mahinda**)等
06《小誦經註》覓寂尊者　中譯
07《法句經》敬法比丘　中譯
08《增支部一集巴利》
瑪欣德尊者 **Bhante U Mahinda**

二、帕奧禪師Pa-Auk Sayadaw叢書

01《禪修入門與次第 – 帕奧禪師叢書選編》
02《顯正法藏》
03《入出息念》
04《突破止觀》
05《**Knowing and Seeing(Revised Edition II)**》
06《證悟涅槃的唯一之道》
07《菩提資糧》
08《去塵除垢》
09《智慧之光5版》
10《正念之道》
11《如實之見》
12《**The Workings of Kamma**》
(Second Revised Edition)

三、帕奧弟子叢書

01《上座部佛教修學入門》
瑪欣德尊者 **Bhante U Mahinda**
02《阿毗達摩講要》上集
瑪欣德尊者 **Bhante U Mahinda**
03《您認識佛教嗎？》
瑪欣德尊者 **Bhante U Mahinda**
04《自然的代價》
吉祥尊者 **Bhante U Maṅgala**
05《上座部佛教修學入門》修訂版
瑪欣德尊者 **Bhante U Mahinda**
06《沙馬內拉學處》修訂版
瑪欣德尊者 **Bhante U Mahinda**
07《止觀法要》
瑪欣德尊者 **Bhante U Mahinda**
08《殊勝功德》
淨法尊者 Bhante U Dhammasubho
09《阿毗達摩講要》中集
瑪欣德尊者 **Bhante U Mahinda**
10《沙門果經》講要
瑪欣德尊者 **Bhante U Mahinda**
11《阿毗達摩講要》下集
瑪欣德尊者 **Bhante U Mahinda**
12《佛陀的十二種惡報》
瑪欣德尊者 **Bhante U Mahinda**
13《大金塔前的省思》
觀淨尊者 **Bhante U Sopāka**
14《復歸佛陀教導1》
觀淨尊者 **Bhante U Sopāka**

四、上座部佛教選輯叢書

01 南傳菩薩道
原作者：明昆三藏持者大長老
The Ven. Mingun Sayadaw
緬譯英：烏哥烈及烏叮靈
U Ko Lay and U Tin Lwin
英譯中：敬法比丘

五、弘護叢書

01 《植根上座部佛教於台灣》
烏給大長老Sayadaw U Kesarinda
觀淨尊者 Bhante U Sopāka

02《勤護教法—上座部道場成立十周年點滴》
觀淨尊者 Bhante U Sopāka

03《追思禮讚水尊者》
水尊者的弟子們

04《側記帕奧禪法在台灣—兼述南傳佛教與華人學潮之相遇》
觀淨尊者 Bhante U Sopāka

六、帕奧禪師蒞臺弘法滿十年叢書

01《顯正法藏》
帕奧禪師 Pa-Auk Sayadaw

02《散播慈愛》（華語）
原著：Thabyekan Sayadaw
英譯：淨法尊者 Bhante Dhammasubho

03《沙馬內拉學處》
瑪欣德尊者 Bhante U Mahinda

七、學院代贈送書籍

01《人施設論》
指導者：護法法師
翻譯整理者：釋覺恵

02《復歸佛陀的指導二》
觀淨尊者 Bhante U Sopāka

03《涅槃的捷運》
護法法師

帕奧弟子叢書13
《大金塔前的省思》

作　　者：觀淨尊者 Bhante U Sopāka
出 版 者：台灣南傳上座部佛教學院
Taiwandīpa Theravāda Buddhist College
地　　址：台南市歸仁區民權八街85巷1號
No. 1, Lane 85, Ming Chuen Street 8 ,Guei Ren Dist,Tainan City 71148, Taiwan(R.O.C.)
電　　話：（06）2301406　　傳　　真：（06）2391563
網　　址：www.taiwandipa.org.tw
電子信箱：taiwandipa@gmail.com
中華民國一０七年三月初版一刷恭印1500冊

學院宗旨：植根上座部佛教於台灣

佛陀於贍部島(Jambu-dīpa)創覺，弘法建僧；長老聖弟子於蘭卡島(Laṅka-dīpa)傳承上座部佛教(Thera-vāda)，廣植為緬泰等地之文化傳統；就上座部佛教的現代傳佈，願教法廣傳於華人區，並植根於台灣島(Taiwan-dīpa)，即是令正法光照台灣(Taiwan dīpeti)，成為台灣之光(Taiwano dīpaṃ)。一言以蔽之，『植根佛教於台灣』(Buddhasāsanassa mūlāni Taiwandīpe otarantu.)。

立基於台灣為主之華人文化傳統，承續緬甸代表之上座部佛教文化傳統，旁擇西方為主之各地文化；以帕奧禪林之教學為宗教典範，指引方向；依巴利三藏學習佛教真理，勤修三學，斷盡三毒，以令正法久住。

結緣處

✉慈善精舍
22161新北市汐止區大同路一段337巷17弄9號5樓　　電話：02-26486948

✉丁敏哲居士
51064彰化縣員林鎮至善街118號　　電話：04-8338835

✉王正賜內兒科診所
70153台南市東區凱旋路223號　　電話：06-2008992

✉郭美麗
80656高雄市前鎮區長江街68號7樓　　電話：07-3343314

✉淨心文教基金會
80266高雄市苓雅區四維二路96號4樓　　電話：07-7238430

✉Four Noble Truths 122A E. Foothill
Blvd #243 Arcadia, CA 91006　　電話：+1.626.524.4864

國家圖書館出版品預行編目(CIP)資料

大金塔前的省思 : 從佛教深植於緬甸的盛況談我們的時代課題 / 觀淨尊者講 ; 王寶昭整理. -- 初版. -- 臺南市 : 臺灣南傳上座部佛教學院, 民107.03

面 ; 公分. -- (帕奧弟子叢書 ; 13)

ISBN 978-986-95011-6-3 (平裝)

1.佛教史 2.緬甸

228.37 107005358